မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဧပြီလ ၁ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၉၉)၊ ၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ ၃-၁၀-၂၀၂၆၊ စနေနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (မမ္မပဒ)

# မန္တလေးမှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများက မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေး

မြစ်ကြီးနား အောက်တိုဘာ ၂

ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီး၊ ခုတင် (၅၅၀)ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)၊ ကလေးဆေးရုံကြီး(မန္တလေး)တို့မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီး ၁၂ ဦး ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းမှစတင်ကာ မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၃ သို့ ○





# ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ Jeng Phang နော်တောင်(ခ)ဦးနော်တောင်၊ ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးချစ်ဆွေ၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးတေဇကျော်၊ အတွင်းရေးမှူး ဦးသန်းအောင်နှင့် ပူးပေါင်း ကော်မတီဝင်များ၊ စိစစ်ရေးပူးပေါင်းအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ✪

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိ

နေပြည်တော် အောက်တိုဘာ ၂

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိပါမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိပါသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိပါသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်ပါသည်။

မိုး/ဇလ




၂၀၂၆ ခုနှစ် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ အနောက်တောင်မုတ်သုံလေ ဆုတ်ခွာသည့်ရက်များပြပုံ

## မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ အနောက်တောင်မုတ်သုံလေ ဆုတ်ခွာ

နေပြည်တော် အောက်တိုဘာ ၂

အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ မိုး/ဇလ

# ဆောင်းဦးရာသီ နီးလာသဖြင့် ရွှေသောင်ယံကမ်းခြေတွင် မျှင်ပစ်လုပ်ငန်းများ စတင်လုပ်ဆောင်

ရွှေသောင်ယံ အောက်တိုဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံ ကမ်းခြေဒေသတွင် ဆောင်းဦးရာသီ နီးကပ်လာပြီဖြစ်သဖြင့် ပင်လယ်ပြင်အတွင်း မျှင်အုပ်ရှာဖွေသူများနှင့် မျှင်ပစ်စက်လှေသမားများ၏ လှုပ်ရှားမှုများကို ပြန်လည်မြင်တွေ့လာရသည်။

ဆောင်းဦးရာသီသည် ရွှေသောင်ယံ ကမ်းခြေဒေသတွင် မျှင်ပစ်လုပ်ငန်းများ လုပ်ကိုင်ကြသည့် ကာလတစ်ခုဖြစ်ပြီး မျှင်အုပ်များ ပင်လယ်ပြင်အတွင်း တွေ့ရှိလာချိန်တွင် မျှင်ပစ်စက်လှေများဖြင့် ပင်လယ်ပြင်သို့ ထွက်ခွာကာ ရှာဖွေဖမ်းဆီးကြခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် မျှင်ပစ်ရာသီအတွက် စက်လှေများကို စစ်ဆေးပြုပြင်ခြင်း၊ လိုအပ်သည့် စက်ပစ္စည်းများ ပြင်ဆင်ခြင်းနှင့် ပင်လယ်ပြင်အတွင်း မျှင်အုပ်များ ရှာဖွေစမ်းသပ်ခြင်းများ စတင်လုပ်ဆောင်လာကြသည်။

စာမျက်နှာ ၃ သို့ ❖



၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၃ ရက်၊ စနေနေ့။

မန္တလေး နေ့စဉ်

# လူငယ်များအပို့ အောင်မြင်သောဘဝတက်လှမ်းနိုင်ရေး စာပေဖတ်ရှုလေ့လာနေရမည်

ယနေ့လူငယ်များ၏ဘဝကို ပုံဖော်ရာတွင် မိသားစုများက အရင်းခံအကျဆုံးဖြစ်သည်။ လူငယ်တစ်ဦး၏ စရိုက်လက္ခဏာများတွင် မိသားစု၏ အလေ့အထများစွာတို့ လွှမ်းမိုးပါဝင်နေလေ့ရှိသည်။ လက်ဦးဆရာများဟု ဆိုအပ်သည့် အမိနှင့်အဖတို့၏ အပြုအမူ၊ အကျင့်အကြံ၊ အနေအထိုင်များ။ ဟန်ပန်စရိုက်လက္ခဏာများ။ ဆုံးမသွန်သင်မှုများက သားသမီးများကို ပုံသွင်းနေခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ပညာသင်ကြားသည့် အရွယ်သို့ရောက်သည့်အခါ ကျောင်းသင်ပညာရေးက လူငယ်တို့ကို ဆက်လက်၍ ထုဆစ်ပုံဖော်ပေးသည်။ ယင်းကာလတွင် ကျောင်းသား၊ကျောင်းသူ၊ မိဘနှင့်ဆရာတို့ သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းဖို့လိုသည်။ အခြေခံပညာအဆင့်မှသည် တက္ကသိုလ်တွင် အဆင့်မြင့်ပညာရေးအဆင့်အထိ သွားရသည့် ပညာရေးခရီးတစ်လျှောက်တွင် ကလေးအရွယ်နှင့် လူငယ်အရွယ် ကာလတို့ကို ဖြတ်သန်းသွားကြရခြင်းဖြစ်သည်။

ထို့ပြင် ယနေ့လူငယ်များသည် နောင်ဝယ်လူကြီးဖြစ်ပြီး မိမိအကျိုး၊ တိုင်းပြည်အကျိုးကို သယ်ပိုးထမ်းဆောင်ကြမည့်သူများဖြစ်သည်။ လူငယ်လူရွယ်များသည် အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ယူကြမည့် မျိုးဆက်သစ်များဖြစ်ကြရာ လူငယ်လူရွယ်များ၏ စွမ်းပကား၊ ကိုယ်ရည်ကိုယ်သွေးနှင့် စိတ်ဓာတ်ခွန်အားများ တိုးတက်တောက်ပြောင် ကောင်းမွန်လာအောင် ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးကြရမည်ဖြစ်သည်။

လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသော ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ပညာသင်ကာလအတွင်း အစွမ်းကုန်မြှင့်တင်ပေးကြရမှာလည်း ဖြစ်သည်။ မိမိကိုယ်တိုင်အတွက်၊ မိမိ၏မိသားစုအတွက်၊ မိမိ၏ပတ်ဝန်းကျင်အတွက်၊ မိမိ၏လူမျိုး၊ မိမိနိုင်ငံအတွက်ဟူသော ရည်မှန်းချက်ဖြင့် မိမိကိုယ်ကို ကောင်းအောင်၊ ချွန်အောင်၊ မြင့်အောင်မြှင့်တင်ရာတွင် မိမိကိုယ်တိုင်က ပဓာနကျသည်။ ကလေးအရွယ်မှသည် လူငယ်အရွယ်အထိ ပညာသင်ကြားနေရသည့်ကာလ ဆယ်စုနှစ်တစ်ခုကျော်ကျော်သည် ဘဝတစ်လျှောက်လုံးအတွက် အရေးကြီးဆုံးအချိန်အခါပင်ဖြစ်သည်။ အောင်မြင်မှုရရေးအတွက် ခိုင်မာစွဲမြဲသည့် သန္နိဋ္ဌာန်ကို ချမှတ်ကာ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးပမ်းကြရခြင်းသည် ရေဆန်ခရီး၊ အမြင့်သို့တက်ရသည့် ခရီးကဲ့သို့ပင် အားစိုက်ကြိုးပမ်းရမှုနှင့် ပင်ပန်းနွမ်းနယ်မှုတချို့နှင့်လည်း ကြုံရနိုင်သည်။

လူငယ်များအဖို့ အောင်မြင်သောဘဝ တက်လှမ်းနိုင်ရေးတွင် အရေးပါသော အချက်တစ်ရပ်မှာ စာပေဖတ်ရှုလေ့လာခြင်းဖြစ်သည်။ စာကို ကောင်းစွာဖတ်ရှုနိုင်သည့်အရွယ်မှစကာ မိမိစိတ်ဝင်စားသည့် စာပေမှအစပြု၍ စာပေဖတ်ရှုမှုကို စွဲစွဲမြဲမြဲပြုလုပ်သင့်သည်။ ကလေးဘဝတွင် ကာတွန်းများမှအစပြု၍ ဖတ်ရှုကာ တစ်ဆင့်ထက်တစ်ဆင့်တက်၍ ရသစာပေ၊ သုတစာပေများကို နေ့စဉ်ဖတ်ရှုသွားခြင်းအားဖြင့် အသိဉာဏ်ပညာ မိုးကုပ်စက်ဝိုင်းကို တစ်နေ့ထက်တစ်နေ့ ပိုမိုကျယ်ဝန်းအောင် ချဲ့ထွင်သွားကြရမှာဖြစ်သည်။ စာဖတ်ခြင်းက လောကတွင် သင်စရာ၊ သိစရာတို့ကို အချိန်တိုတိုအတွင်း သင်နိုင်၊ သိနိုင်သည့် အလွယ်ကူဆုံးနည်းလမ်းတစ်ခုပင်ဖြစ်သည်။ စာပေလေ့လာဖတ်ရှုခြင်းဖြင့် ဘဝတွင် ထိပ်တန်းသို့ တက်လှမ်းနိုင်ခဲ့သူများ မြန်မာ့သမိုင်းတွင်ရော ကမ္ဘာ့သမိုင်းတွင်ပါ ထင်ထင်ရှားရှားရှိခဲ့ပါကြောင်း ရေးသားလိုက်ရပေသည်။

## ကျောင်းမုန့်ဈေးတန်းဈေးသည်များ ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ ရောင်းချမှု ရှိ၊မရှိ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ အောက်တိုဘာ ၂**

မိတ္ထီလာမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းမုန့်ဈေးတန်းဈေးသည်များ ဈေးရောင်းချရာတွင် ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ ရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက် ၈ နာရီက မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အဆိုပါကျောင်းတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအား ဈေးရောင်းချသည့် ကျောင်းမုန့်ဈေးတန်း ဈေးရောင်းချသူများ အနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းမှု ရှိ၊ မရှိ၊ ကျန်းမာရေးစစ်ဆေးခံပြီးသော အသိမှတ်ပြုကတ်ပြား ရှိ၊ မရှိ၊ အစားအစာများကို လက်အိတ်စွပ်ပြီးကိုင်တွယ်မှု ရှိ၊ မရှိ၊ ရောင်းချသည့်မုန့်များ သန့်ရှင်းလတ်ဆတ်ခြင်း ရှိ၊ မရှိ၊ ရောင်းချသည့်အစားအစာများကို အဖုံးအအုပ်များဖြင့်ထားရှိခြင်း ရှိ၊ မရှိ စသည့် ကျောင်းမုန့်ဈေးတန်းရောင်းချသူများ လိုက်နာရမည့် ကျန်းမာရေးစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ တို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်ပညာရေးမှူး ဒေါ်မော်မော်၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဒေါက်တာမြင့်မြင့်မော်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၄၅၃)

## မန္တလေးတိုင်းအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ လက်လီဈေးနှုန်းများ ထုတ်ပြန်

**မန္တလေး အောက်တိုဘာ ၂**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂ ရက်မှ ၈ ရက်အထိ စားအုန်းဆီတစ်ပိဿာလျှင် ရန်ကုန်အထိုင်ဈေး ၇၂၇၉ ကျပ်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် လက်လီ၊ လက်ကားရောင်းချမည့် ဈေးနှုန်းများကိုလည်း ရန်ကုန်အထိုင်ဈေးအပေါ် မူတည်ပြီး ကော်မတီမှသတ်မှတ်သည့် ဒေသအလိုက် အရင်းဈေးအပေါ်အခြေခံ၍ မြို့တွင်းသယ်ယူခ၊ လုပ်သားခများနှင့် အမြတ် ၂ ရာခိုင်နှုန်း ထပ်ပေါင်း၍ ဖြစ်သင့်ဖြစ်ထိုက်သည့် လက်လီ၊ လက်ကားဈေးနှုန်းများအား သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂ ရက်မှ ၈ ရက်အထိ မန္တလေးတိုင်းဒေသကြီး ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ၏ လက်လီဈေးနှုန်းများမှာ မန္တလေးမြို့၌ ၈၅၉၀ ကျပ်၊ မိတ္ထီလာမြို့၌ ၈၄၁၀ ကျပ်၊ ရမည်းသင်းမြို့၌ ၈၃၈၅ ကျပ်၊ ကျောက်ဆည်မြို့၌ ၈၅၄၅ ကျပ်၊ ပြင်ဦးလွင်မြို့၌ ၈၆၄၀ ကျပ်၊ မြင်းခြံမြို့၌ ၈၆၆၅ ကျပ်နှင့် ညောင်ဦးမြို့၌ ၈၅၇၅ ကျပ်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀-၀

## ပြင်ဦးလွင်ခရိုင် ဖူဆယ်ဘောလုံးအသင်းဖွဲ့စည်းရေးအတွက် လူရွေးချယ်ပွဲ ပြုလုပ်

**ပြင်ဦးလွင် အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ(အမျိုးသား)အသက် ၂၅ နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဦးလွင်ခရိုင် ဖူဆယ်ဘောလုံးအသင်းဖွဲ့စည်းရေးအတွက် လူရွေးချယ်ပွဲကို ယမန်နေ့က ပြင်ဦးလွင်ခရိုင်အားကစားခန်းမဆောင်(၁)တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲအား မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ပေါင်းစုံအသင်းများက ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး မန္တလေးမြို့ရှိ Multipurpose Stadium (ဘက်စုံသုံးအားကစားခန်းမ)တွင် အောက်တိုဘာ ၁၃ ရက်မှ ၁၈ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင်/ပြန်ဆက်)

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဧတုတ္ထပုံမှန်အစည်းအဝေး (သတ္တမနေ့) ကျင်းပ

**မန္တလေး အောက်တိုဘာ ၂**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (သတ္တမနေ့)ကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ အစီအစဉ် (၆) ရပ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း ၇၁ ဦး တက်ရောက်ကြသည်။




ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးကမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၃ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ စတုတ္ထပုံမှန်အစည်းအဝေး(သတ္တမနေ့)ကို နံနက် ၁၁ နာရီတွင် ရပ်နားခဲ့ပြီး အဋ္ဌမနေ့အစည်းအဝေးကို အောက်တိုဘာ ၅ ရက်(တနင်္လာနေ့) နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

◎ ရှေ့ဖုံးမှ

ဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပေးနိုင်ရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေကြမ်းပါ ရငွေ၊ သုံးငွေများကို အသေးစိတ်စိစစ်နိုင်ရန်အတွက် စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၈ ဖွဲ့ကို ကြိုတင်ဖွဲ့စည်းပေးထားပြီး ဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့များအနေဖြင့် မူလခန့်မှန်းခြေတွင် ခွင့်ပြုထားမှု၊ သုံးစွဲပြီးနှင့် သုံးစွဲရန်ကျန်သည့် အခြေအနေ၊ သုံးစွဲနိုင်ခြင်းမရှိသဖြင့် ပြန်လည်အပ်နှံရမည့် ငွေပမာဏကိုလည်း စိစစ်ရန်လိုအပ်ပါကြောင်း။

စီးပွားရေး အဖွဲ့အစည်းများအား နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေပေးခြင်းအားဖြင့် ထပ်မံတိုးတက်ရရှိလာမည့် ဝင်ငွေအခြေအနေကိုလည်း တွက်ဆသင့်ပါကြောင်း၊ နိုင်ငံတော်သို့ ပေးသွင်းရမည့် ငွေများဖြစ်သော ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများကိုလည်း ပေးသွင်းသည့်ဌာနနှင့် လက်ခံသည့်ဌာနတို့တွင် နှစ်ဖက်စာရင်းသွင်းမှု အခြေအနေကိုလည်း စိစစ်ရန် လိုပါကြောင်း။

ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာရေးစည်းမျဉ်းအရ ရန်ပုံငွေလွှဲပြောင်းသုံးစွဲမှု မပြုနိုင်သည့်အပြင် ဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေပြီးစီးအောင် ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စများနှင့် ယင်းတို့၏ ပကတိ အခြေအနေကို သုံးသပ်တွက်ချက်ပြီး စိစစ်ဆောင်ရွက်ရန်လိုပါကြောင်း။

စိစစ်ပြီးနောက် မဖြစ်မနေပေးချေရမည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေများ၊ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုကြောင့် လိုအပ်လာသည့် အသုံးစရိတ်၊ အမှန်တကယ် ထပ်မံလိုအပ်သော လစာစရိတ်၊ ပင်စင်၊ အတိုးပေးငွေနှင့် နိုင်ငံတော်၏ လိုအပ်ချက်အရ ဖြည့်စွက်ခွင့်ပြုငွေတင်ပြတောင်းခံသည့် အသုံးစရိတ်များကိုသာ ခွင့်ပြုရန်လိုအပ်ပါကြောင်း။

ဥပဒေကြမ်းများကို စိစစ်ရာတွင် အားနည်းချက်၊ အားသာချက်များကို အခြေခံပြီး အားသာချက်များကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြုပြင် ဆောင်ရွက်ခြင်းဖြင့် ဘတ်ဂျက်စိစစ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စေနိုင်မည် ဖြစ်ပါကြောင်း။

ရငွေ၊ သုံးငွေများ စိစစ်အတည်ပြုခြင်း လုပ်ငန်းစဉ်သည် လွှတ်တော်၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည့်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့များအနေဖြင့် မိမိတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တိတိကျကျ သိရှိနားလည်ရန် လိုအပ်သလို လုပ်ပိုင်ခွင့်ထက် ကျော်လွန်ဆောင်ရွက်ခြင်းများ မပြုလုပ်မိရန်လည်း လိုအပ်ပါကြောင်း။

ထို့ပြင် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ဖိတ်ခေါ်ဆွေးနွေး၊ မေးမြန်းခြင်းသည် လွှတ်တော်၏ oversight လုပ်ငန်း၊ ဘတ်ဂျက် စိစစ်အတည်ပြုခြင်းလုပ်ငန်းကို ပိုမိုထိရောက်အောင်မြင်စေရေးအတွက် အချက်အလက်များ ရှာဖွေစုဆောင်းခြင်းသာဖြစ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများကို စစ်ဆေးမေးမြန်းသည့် ပုံစံမျိုးမဖြစ်စေရန် သတိထားဂရုပြုပြီး ဆောင်ရွက်စေလိုပါကြောင်း။

ဥပဒေကြမ်းများ စိစစ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီသာ စိစစ်ရမည်ဖြစ်ပြီး စိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေနှင့်အညီ သတ်မှတ်ကာလအတွင်း ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီများကို အချိန်မီပေးပို့နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

ဥပဒေကြမ်းတွင် ပါဝင်သည့် အသုံးစရိတ်များစိစစ်ရန်ကိစ္စနှင့် စပ်လျဉ်းပြီး ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီက ရှင်းလင်းတင်ပြသွားမည် ဖြစ်သလို တက်ရောက်လာကြသည့် လွှတ်တော်အကြီးအမှူးများနှင့် ပူးပေါင်းကော်မတီဝင်များ၊ စိစစ်ရေးပူးပေါင်းအဖွဲ့ဝင်များကလည်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌက ဥပဒေကြမ်းစိစစ်ရေး လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်၊ ရငွေ သုံးငွေ စာရင်းများ၏ မှန်ကန်တိကျမှုရှိစေရန်နှင့် ဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေလိုအပ်ပြီး အမှန်တကယ် သုံးစွဲပြီးစီးနိုင်မည့် ဦးစားပေးအသုံးစရိတ်များကို အဓိကထားစိစစ်ရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ(၁)က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား သတ်မှတ်ရက်များအတွင်း တင်သွင်း၊ စိစစ်၊ ဆွေးနွေး၊ ပြင်ဆင်အတည်ပြုနိုင်ရေး အတွက် လွှတ်တော်ကော်မတီများနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၈ ဖွဲ့အကြား ပူးပေါင်းဆောင်ရွက်မှု၊ ဘတ်ဂျက်စိစစ်မှုနှင့် အစီရင်ခံစာများကို အချိန်မီတင်ပြနိုင်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပူးပေါင်းကော်မတီဝင်များနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့ဝင်များက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်အချိန်အတွင်း ပြီးစီးနိုင်ရေး လက်ရှိလုပ်ဆောင်နေမှုများနှင့် စပ်လျဉ်း၍ တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော် နာယက က ဖြည့်စွက်ဆွေးနွေးခဲ့သည်။

သတင်းစဉ်

# သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိဝန်ထမ်းများက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများက သိရှိလိုသည့် အချက်များကို မေးမြန်းရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit - CPU) များနှင့်တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက အဂတိလိုက်စားမှုသည် နိုင်ငံတစ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရာတွင် အဓိကအဟန့်အတားပြုနိုင်သည့်၊ လူ့အဖွဲ့အစည်းကို ဖျက်ဆီးတတ်သည့် "ရောဂါဆိုးကြီး တစ်ခု"ဟု ဆိုနိုင်ကြောင်း၊ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို နောက်ကျကျန်ရစ်စေပါကြောင်း၊ အဆိုးရွားဆုံးအနေဖြင့် ဌာနဆိုင်ရာများအပေါ် ပြည်သူလူထု၏ ယုံကြည်မှုများ လျော့ကျစေပါကြောင်း၊ အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှုကို ကျူးလွန်မိပါက ဥပဒေအရ ထိရောက်စွာအရေးယူခံရမည့်အပြင် လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် မိမိနှင့် မိသားစု၏ ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အထူးသိရှိရှောင်ကြဉ်ရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက ကော်မရှင်အနေဖြင့် ပြည်သူ့ဘဏ္ဍာဆုံးရှုံးမှု လျော့နည်းရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာများ တိုးပွားလာစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

○ မန္တလေးမှ

အဆိုပါပြည်သူ့ဆေးရုံကြီး၌ လူနာများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခမဲ့ဆေးကုသခြင်းများ ဆောင်ရွက်နေမှုများကို ယနေ့နံနက် ၉ နာရီက ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးမော်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ကွင်းဆင်းဆေးကုသမှုပေးသည့် အထူးကုဆရာဝန်ကြီးများအဖွဲ့နှင့်အတူ ပြည်နယ် ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများ၊ ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေး ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအသင်းမှ တာဝန်ရှိသူများကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြပြီး ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ထောက်ပံ့ငွေများ ပေးအပ်သည်။

ယမန်နေ့က ပါမောက္ခ/အထူးကုဆရာဝန်ကြီးများသည် ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာရောဂါ၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ရင်ခေါင်းဆေးကုသမှုဆိုင်ရာရောဂါ၊ နှလုံးဆေးကုသမှုဆိုင်ရာရောဂါ၊ အသည်းဆေးကုသမှုဆိုင်ရာရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ကလေးဦးနှောက်နှင့် အာရုံကြောရောဂါ၊ ဆီးချိုနှင့် ဟော်မုန်းရောဂါ၊ ဆီးနှင့် ကျောက်ကပ် ဆေးကုသမှုဆိုင်ရာရောဂါ၊ ကလေး သွေးနှင့်ကင်ဆာရောဂါများဖြင့် လာရောက်ပြသသော ကချင်ပြည်နယ်အတွင်းရှိ စုစုပေါင်းဒေသခံပြည်သူ ၁၄၆၅ ဦးတို့ကို စမ်းသပ်စစ်ဆေးကုသပေးနိုင်ခဲ့ပြီး အထူးခွဲစိတ်ကုသမှု လိုအပ်သည့်လူနာများနှင့် အထူးကုသမှုဆက်လက်ခံယူရန် လိုအပ်သည့်လူနာများကို သက်ဆိုင်ရာဆေးရုံကြီးများသို့ လွှဲပြောင်းကုသမှုဆောင်ရွက်နိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ အောက်တိုဘာ ၃ ရက်အထိ ဆေးကုသမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူများ လက်လှမ်းမီရရှိနိုင်ရန်၊ ဆေးကုသမှုအတွက် လူနာမှ စိုက်ထုတ်ကုန်ကျစရိတ် လျော့နည်းစေရန်၊ ရောဂါများကို အချိန်မီစောစီးစွာ သိရှိကုသမှုခံယူနိုင်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့မှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများသည် ခရိုင်/မြို့နယ်များသို့ အထူးကုဆေးကုသရေးခရီးစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

❖ ဆောင်းဦးရာသီမှ

မျှင်အုပ်များတွေ့ရှိလာပါက မျှင်ပစ်စက်လှေသမားများအနေဖြင့် ပင်လယ်ပြင်သို့ ပုံမှန်ထွက်ခွာ၍ မျှင်များရှာဖွေဖမ်းဆီးကြမည်ဖြစ်ပြီး မျှင်ပစ်လုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်သူများအတွက်လည်း အလုပ်အကိုင်နှင့် ဝင်ငွေရရှိနိုင်သည့် ကာလတစ်ခု ဖြစ်လာမည်ဖြစ်သည်။ထို့အပြင် မျှင်ပစ်လုပ်ငန်းများ လှုပ်ရှားလာခြင်းကြောင့် မျှင်များကို သန့်စင်ခြင်း၊ မျှင်ငါးပိလုပ်၍ ရောင်းချခြင်း စသည့် ဆက်စပ်လုပ်ငန်းများလည်း လှုပ်ရှားလာနိုင်မည်ဖြစ်ကြောင်း ဒေသခံများက ပြောသည်။

သို့ဖြစ်ရာ ရွှေသောင်ယံကမ်းခြေဒေသ၏ ပင်လယ်ပြင်တွင် မျှင်အုပ်ရှာဖွေသူများနှင့် မျှင်ပစ်စက်လှေသမားများ၏ လှုပ်ရှားမှုများ တဖြည်းဖြည်း ပြန်လည်စည်ကားလာနေပြီဖြစ်ကြောင်း သိရသည်။

ရွှေသောင်ယံ(ပြန်/ဆက်)

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပစဉ်။

နေပြည်တော် အောက်တိုဘာ ၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေး တွင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဘုရားပတ်ဝန်းကျင်နှင့် ဆိပ်ကမ်း သန့်ရှင်းသာယာလှပရေး၊ ပြည်သူ့စစ်မှုထမ်းပြီးစီးသူများအား ပြည်ပအလုပ်အကိုင်ရရှိရေး၊ နိုင်ငံ့ဝန်ထမ်းများအား ဒေသစရိတ်ခံစားခွင့်ရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ တောင်သူတိုင်းရရှိရေးနှင့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ကုန်ခြောက်ပစ္စည်းများနှင့်ထောက်ပံ့ကြေးများ ထောက်ပံ့ပေးရေးနှင့် လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၉ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆို ၁ ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်၏ **ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဘုရားပတ်ဝန်းကျင်နှင့် ဗိုလ်တထောင် ဆိပ်ကမ်းတို့အား သန့်ရှင်းသာယာလှပရေး အတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်က သာသနာရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော် သမ္မတရုံး၏ လမ်းညွှန်ချက်နှင့်အညီ သမိုင်းဝင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ကြီး သန့်ရှင်းသပ်ရပ် ကြည်ညိုဖွယ်ဖြစ်စေရေးအတွက် ဘုရား၊ စေတီ၊ ပုထိုးများ၊ သာသနိက အဆောက်အအုံများ ပရိဝုဏ် အတွင်း/အပြင် သန့်ရှင်းသပ်ရပ် ကြည်ညိုဖွယ်ဖြစ်စေရေး လိုအပ်သလိုကြပ်မတ်ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအားလုံးသို့ ညှိနှိုင်းမေတ္တာရပ်ခံခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများသို့ ညွှန်ကြားထားပြီး ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်းနှင့် သမိုင်းဝင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ကြီး သန့်ရှင်းသပ်ရပ်သာယာလှပစေခြင်းနှင့် ဘုရားကြီးအနီးရှိ ဗိုလ်တထောင် ဆိပ်ကမ်းအား ဘုရားဖူးလာရင်းနှင့် တစ်ဆက်တည်း အပန်းဖြေသွားလာနိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ သန့်ရှင်းသပ်ရပ် သာယာလှပစေခြင်းတို့အား ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လေ့လာသုံးသပ်လျာထားလျက်ရှိပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဦးတင့်ဝေ၏ **ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်ခဲ့သူများ အနက် ဆန္ဒရှိသူများအား ပြည်ပအလုပ်အကိုင်ရရှိရေး မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းက ပြည်သူ့စစ်မှုထမ်း ဥပဒေအရ သတ်မှတ်ကာလ ပြည့်မြောက်သည်အထိ တာဝန်ထမ်းဆောင်ခဲ့သူများအနက် ပြည်ပတွင် အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိသူများအား ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်ရာတွင် ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေး၊ ဝန်ဆောင်ခများ သက်သာစေရေး သို့မဟုတ် အလုပ်ရှင်၏ ကုန်ကျစရိတ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများဖြင့် ချိတ်ဆက်ညှိနှိုင်းပြီး အလုပ်အကိုင်ရှာဖွေပေးခြင်း၊ အလုပ်အကိုင်ဆိုင်ရာ အချက်အလက်များ စာရင်းပြုစုခြင်း၊ သွားရောက်လိုသည့် နိုင်ငံအပေါ် မူတည်၍ အရည်အချင်းစိစစ်ခြင်း၊ ကျွမ်းကျင်မှုသင်တန်းများ ပို့ချခြင်း၊ ပြည်ပသို့စေလွှတ်ရေး လုပ်ငန်းစဉ်များအား လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းအစီအစဉ်များနှင့်အညီ ဆောင်ရွက်၍ ပြည်ပသို့စေလွှတ်နိုင်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားသည်။

ကလေးဝ မဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **ကလေးဝမြို့နယ်တွင် ဒေသစရိတ်ခံစားခွင့်မရှိသည့်နေရာများသို့ ပြောင်းရွှေ့တာဝန်ထမ်းနေရသော နိုင်ငံ့ဝန်ထမ်းများအား ဒေသစရိတ်ခံစားခွင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ဒေသစရိတ်ခံစားခွင့်ရှိသည့် ဒေသ/ကျေးရွာများမှ ဒေသစရိတ်ခံစားခွင့်မရှိသည့် ဒေသ/မြို့များသို့ ယာယီပြောင်းရွှေ့ တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများအတွက် ဒေသစရိတ် ခံစားခွင့်နှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ၊ နည်းဥပဒေ ၁၅၃၊ နည်းဥပဒေခွဲ (ခ) အရ ဒေသစရိတ်ခံစားခွင့်ရှိသည့်ဒေသမှ ဒေသစရိတ်ခံစားခွင့်မရှိသည့် ဒေသသို့ ယာယီပြောင်းရွှေ့ရပါက ယင်းသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရသည့် ကာလအတွင်း၌ သတ်မှတ်ချက်များနှင့် ညီညွတ်မှုသာလျှင် ဒေသစရိတ် ဆက်လက်ခံစားခွင့်ရှိပါကြောင်း၊ အဆိုပါ သတ်မှတ်ချက်များမှာ ယာယီပြောင်းရွှေ့သည့် ကာလသည် ကူးပြောင်းချိန်မပါဝင်ဘဲ လေးလထက်မကျော်လွန်ခြင်း၊ ယာယီပြောင်းသည့်ကာလ ကုန်ဆုံးလျှင် ဝန်ထမ်းအား ဒေသစရိတ် ခံစားခွင့်ရှိသည့် ရာထူးသို့ပြန်လည်ပြောင်းရွှေ့ရန် ရည်ရွယ်ကြောင်းဖြင့် ပြောင်းရွှေ့မိန့်တွင် ထည့်သွင်းဖော်ပြပါရှိခြင်း၊ ယာယီပြောင်းရွှေ့သည့်ကာလတွင် ဝန်ထမ်းနှင့်အတူနေပြီး ဝန်ထမ်းအပေါ်တွင် လုံးဝမှီခိုနေရသည့် ဇနီး သို့မဟုတ် ခင်ပွန်း၊ သားသမီးများ (လင်ပါ မယားပါ သားသမီးများနှင့် တရားဝင် မွေးစားသားသမီးများ အပါအဝင်) ဖြစ်သောမိသားစုသည်မူလရာထူး တည်ရာဖြစ်သည့် ဒေသစရိတ် ခံစားခွင့်ရှိသောဒေသ၌ ဆက်လက်နေထိုင်လျက်ရှိခြင်းတို့ ဖြစ်ပါကြောင်းနှင့် လက်ရှိစစ်ကိုင်းတိုင်းဒေသကြီး အခြေအနေအရ ဒေသစရိတ် ခံစားခွင့်ရှိသည့် ဒေသ/ ကျေးရွာများမှ ဒေသစရိတ်ခံစားခွင့်မရှိသည့် ဒေသ/မြို့များသို့ ယာယီပြောင်းရွှေ့ (တွဲဖက်) တာဝန်ထမ်းဆောင်နေကြရသော စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၅၃၊ နည်းဥပဒေခွဲ(ခ) ပါသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိလျှင် ဒေသစရိတ်ကို ခံစားခွင့်ရှိမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ၏ **စိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ပေးနေသော်လည်း ပုံစံ(၇)အမည်ကွဲမှုကြောင့် ချေးငွေမရခြင်းအား ထုတ်ချေးပေးနိုင်ရေး စီစဉ်ပေးရန်နှင့် တောင်သူတိုင်း ရရှိနိုင်ရေးအတွက် မည်သို့ပြုလုပ်သွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ခရိုင်/မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအနေဖြင့် (ပုံစံ-၇) အမည်ပေါက်ကွဲလွဲသူ တောင်သူများအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လက်ရှိပိုင်ဆိုင်သူအမည်သို့ အမည်ပေါက်ပြောင်းလဲရေးကို မြန်ဆန်စွာ ဆောင်ရွက်သွားနိုင်ရန်အတွက် တောင်သူများအား အသိပညာပေး ရှင်းလင်းပြောကြားခြင်း၊ အမည်ပြောင်း လျှောက်ထားရာတွင် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်းတို့ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လယ်ယာလုပ်ကိုင်သူ တောင်သူများအနေဖြင့် ၎င်းတို့၏ လယ်ယာမြေပိုင်ဆိုင်မှု စနစ်တကျ ခိုင်မာစေရန်၊ လယ်ယာမြေပိုင်ဆိုင်မှုကိစ္စ အငြင်းပွားမှုမဖြစ်စေရန်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ ဖြစ်စေရန်အတွက် (ပုံစံ-၇) အမည်ပြောင်း ဆောင်ရွက်ခြင်း၊ (ပုံစံ-၇)မရရှိသေးသည့် တောင်သူများအနေဖြင့်လည်း (ပုံစံ-၇) ရရှိအောင် ဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့်လည်း နိုင်ငံ့ဘဏ္ဍာငွေများ ဆုံးရှုံးမှုမရှိစေရေးအတွက် (ပုံစံ-၇) မူရင်းရရှိပြီးသည့် တောင်သူတိုင်း စိုက်ပျိုးစရိတ် ချေးငွေ လက်လှမ်းမီရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူများသို့ စိုက်ပျိုးစရိတ် ချေးငွေတိုးမြှင့်ထုတ်ချေးရာတွင် (ပုံစံ-၇) အမည်ကွဲလွဲနေသော်လည်း အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်သူ တောင်သူများ ချေးငွေထုတ်ချေးခွင့်ရရှိစေရေး ဖြေလျှော့ဆောင်ရွက်ထားပြီး စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးလျက် ရှိပါကြောင်း ဖြေကြားသည်။

စမ်းချောင်း မဲဆန္ဒနယ်မှ ဦးမျိုးသန့်၏ **နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားယူမည့် ဝန်ထမ်းများအတွက် ကုန်ခြောက်ပစ္စည်းများနှင့်စတုတ္ထအကြိမ်ထောက်ပံ့ကြေးကို ထောက်ပံ့ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားယူမည့် ဝန်ထမ်းများအတွက် လစဉ်ဆန်၊ ဆီ၊ ကုန်ခြောက်ပစ္စည်းများနှင့် စတုတ္ထအကြိမ်ထောက်ပံ့ကြေးကို နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးနိုင်ရေး အတွက် နိုင်ငံတော်၏ဘဏ္ဍာရေး အခြေအနေ၊ ဘတ်ဂျက်ခံနိုင်ရည်ရှိမှု အခြေအနေနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့အပေါ် မူတည်၍ စိစစ်သုံးသပ် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ယခုလက်ရှိအချိန်တွင် အငြိမ်းစားယူမည့် ဝန်ထမ်းများအပါအဝင် နိုင်ငံ့ဝန်ထမ်းအားလုံးအတွက် ရာထူးအဆင့်အလိုက် သတ်မှတ် ချိန်ညှိနှုန်းလစာအပြင် အပိုထောက်ပံ့ကြေး၊ ဝတ်စုံစရိတ်၊ အိမ်ငှားစရိတ်၊ ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ဒေသစရိတ်များ၊ တာဝန်ဖြင့်ခရီးသွားလာခြင်းအတွက် အမှန်တကယ်ကုန်ကျသည့် ခရီးစရိတ်၊ ခရီးသွားနေ့တွက်စရိတ်၊ တည်းခိုစရိတ်နှင့် သီးခြားသတ်မှတ်ချက်များဖြင့် ခံစားခွင့်ပြုထားသည့် စရိတ်များနှင့် အငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်လစာအပြင် အပိုထောက်ပံ့ကြေးတို့ကို ခံစားခွင့်ပြုလျက်ရှိနေခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားယူမည့် ဝန်ထမ်းများအတွက် လစဉ် ဆန်၊ ဆီ၊ ကုန်ခြောက်ပစ္စည်းများနှင့် စတုတ္ထအကြိမ်ထောက်ပံ့ကြေးကို နိုင်ငံတော်အစိုးရမှ လတ်တလောတွင် ထောက်ပံ့ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

ခနောင်ဖြူမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ခနောင်ဖြူမြို့နယ်၊ အလမျိုးကျေးရွာထိပ်မှအလမျိုးအခြေခံပညာအထက်တန်းကျောင်းရှေ့ထိ လမ်းပိုင်းအား ပြန်လည်အဆင့်မြှင့်တင် ပြင်ဆင်ပေးနိုင်ခြင်း အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး ခနောင်ဖြူမြို့နယ်အလမျိုးကျေးရွာအဝင် လမ်းထိပ်မှ အလမျိုး ကျေးရွာအခြေခံပညာအထက်တန်းကျောင်းရှေ့ထိ လမ်းပိုင်းသည် အလမျိုး-တောင်စုလမ်းအတွင်း ပါဝင်ပြီး တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနပိုင် Class(A)လမ်းဖြစ်၍ ဒုတိယဦးစားပေးအဆင့်တွင် ပါဝင်ပါကြောင်း၊ အဆိုပါ အလမျိုး-တောင်စုလမ်းသည် စုစုပေါင်း လမ်းအရှည်(၁)မိုင်ရှိပြီး (၇ ဒသမ ၁၂) ဖာလုံမှာ ကွန်ကရစ်လမ်းဖြစ်၍ ကျန်(၀ ဒသမ ၈၈) ဖာလုံမှာ ကျောက်ကြမ်းလမ်း ဖြစ်ပါကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းသည် ၂၀၁၀ ပြည့်နှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့ပြီး နှစ်ကာလကြာမြင့်လာပြီဖြစ်သည့်အတွက် ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

အဆိုပါ အလမျိုးကျေးရွာ အဝင်လမ်းထိပ်မှ အလမျိုး ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှေ့ထိ အရှည် ပေ (၂၀၀၀) အား ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် (၄၁၈ ဒသမ ၁၄၀) သန်း ကုန်ကျမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါ လမ်းအရှည် ပေ (၈၀၀) အား ကတ္တရာထပ်ပိုးလွှာ ခင်းခြင်း လုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျိုက်လတ် မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၏ **ကျိုက်လတ်မြို့နယ်အောက်ဆင်ကူး-ပေချောင်ကျေးရွာချင်းဆက် မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက အောက်ဆင်ကူး - ပေချောင် ကျေးရွာချင်းဆက်လမ်းသည် အမာခံလမ်း(၃)ဖာလုံ၊

စာမျက်နှာ ၅ သို့

✰ စာမျက်နှာ ၄ မှ

မြေသားလမ်း (၄)မိုင် (၀ ဒသမ ၅) ဖာလုံ စုစုပေါင်းအရှည် (၄) မိုင် (၃ ဒသမ ၅) ဖာလုံရှိ Class-C အဆင့်လမ်းဖြစ်ပြီး တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် (၂ ဒသမ ၁) ဖာလုံ အမာခံလမ်းခင်းခြင်း လုပ်ငန်းအား တိုင်းဒေသကြီး (ပြင်/ထိန်း) ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကျေးလက်လမ်း မဟာဗျူဟာအရ ရာသီမရွေးသွားလာနိုင်သောလမ်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ၂၀၂၈ - ၂၀၂၉ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်း ခင်းခြင်း လုပ်ငန်း (၃)ဖာလုံအား တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လျာထားတင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအား လတ်တလောဦးစားပေး အစီအစဉ်တွင် မပါဝင်သေးပါကြောင်း ဖြေကြားသည်။

ကွမ်းခြံကုန်း မဲဆန္ဒနယ်မှ ဦးသန့်ဇော်၏ **ကွမ်းခြံကုန်းမြို့နယ် ကြခတ်ကုန်းလေးနှင့် မြင်သာယာကျေးရွာချင်းဆက် လမ်းအား ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်** စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကြခတ်ကုန်းလေး ကျေးရွာနှင့် မြင်သာယာကျေးရွာချင်းဆက်လမ်းသည် (၂) မိုင် (၂ ဒသမ၁၈)ဖာလုံရှိပြီးတိုင်းဒေသကြီးမှ စီမံခန့်ခွဲသော Class - B အဆင့် မြေသားလမ်း ဖြစ်ပါကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် မြေသားလမ်း (၂) မိုင် (၂ ဒသမ ၁၈) ဖာလုံ ဆောင်ရွက်ခဲ့ပြီး ယခုအခါ သွားလာရန်ခက်ခဲလျက်ရှိပါကြောင်း၊ အဆိုပါလမ်းအား မြေသားတာပေါင်ပြုပြင်ခြင်းနှင့် ကျောက်ချောလမ်းခင်းခြင်းအား ဦးစွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ (၂)မိုင် (၂ ဒသမ ၁၈) ဖာလုံ အနက်မှ (၁) မိုင် (၄ ဒသမ ၅၃) ဖာလုံအား ကျောက်ချောခင်းခြင်းလုပ်ငန်းကို ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေတွင် လျာထားသွားမည် ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင်ခြင်းအား လတ်တလောတွင် ဆောင်ရွက်ပေး နိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

အိမ်မဲမဲဆန္ဒနယ်မှ ဦးတင်ဦး၏ **အိမ်မဲမြို့နယ် အိမ်မဲ - ဝါးခယ်မ ကားလမ်းမှ ကြာတန်းကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာအုပ်စုချင်းဆက်လမ်း၏ မြေသားလမ်းအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးခွန်းနှင့်**စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက အိမ်မဲ - ဝါးခယ်မ ကားလမ်းမှ ကြာတန်းလမ်းသည် ပြည်ထောင်စုမှ စီမံခန့်ခွဲသော Class-A အဆင့် ဖြစ်ပြီး ကျောက်ချောလမ်း (၁) မိုင် (၂) ဖာလုံ၊ မြေသားလမ်း (၅) မိုင် (၃ ဒသမ ၅၂)ဖာလုံ စုစုပေါင်း (၆)မိုင် (၅ ဒသမ ၅၂) ဖာလုံ ရှိပါကြောင်း၊ အဆိုပါလမ်းအား ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် (၇) ဖာလုံ၊ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် (၃) ဖာလုံ ကျောက်ချောလမ်းခင်း ခြင်းလုပ်ငန်းအား ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၆- ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အရှည် (၂)ဖာလုံကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ပြည်ထောင်စု(ငွေလုံး ငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက် လျက်ရှိပြီး ဘဏ္ဍာရေးနှစ်ကုန် တွင် ကျောက်ချောလမ်း အရှည် စုစုပေါင်း (၁) မိုင် (၄) ဖာလုံ ဆောင်ရွက်ပြီးစီးမည် ဖြစ်ပါကြောင်း၊ ကျန်ရှိသော မြေသားလမ်း အရှည် (၅) မိုင် (၁ ဒသမ ၅၂)ဖာလုံ မှာ မိုးရာသီကာလတွင် သွားလာရန် ခက်ခဲလျက် ရှိပါကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာ ဗျူဟာအရ မြေသားလမ်းမှ ကျောက်ချောလမ်း အဆင့်မြှင့်တင် ခြင်းလုပ်ငန်းအား ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ထည့်သွင်း လျာထားသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ တင်သွင်းသည့် **"မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအား ရိုးရာလယ်ယာစနစ်မှ ခေတ်မီ စက်မှုလယ်ယာစနစ်သို့အောင်မြင်စွာ ကူးပြောင်းနိုင်ရေးအတွက် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတစ်ရပ်ကို အမြန်ဆုံးရေးဆွဲ ပြဋ္ဌာန်း၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အတွက် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဟောသားကြီး**က မြန်မာနိုင်ငံ သည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် လယ်ယာ ကဏ္ဍ တိုးတက်ခြင်းသည် လယ်သမားများ၏ ဝင်ငွေ တိုးတက်ရေး တစ်ခုတည်းအတွက် မဟုတ်ဘဲ နိုင်ငံစားနပ်ရိက္ခာ ဖူလုံရေး၊ ပြည်တွင်းစီးပွားဖွံ့ဖြိုး ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး တို့အတွက် အရေးကြီးပါကြောင်း၊ သို့သော် ယနေ့အချိန်ထိ လယ်ယာ လုပ်ငန်းအများအပြား၌ လူအား၊ တိရစ္ဆာန်အားနှင့် ရိုးရာလယ်ယာ ကိရိယာများကို အားထားရဆဲဖြစ် ကြောင်း၊ ယင်းသို့ လုပ်ကိုင်ရခြင်း ကြောင့် လုပ်သားလိုအပ်ချက် များပြားခြင်း၊ အချိန်ကြာမြင့်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မား ခြင်းနှင့် ရာသီအလိုက် လုပ်သား ရှားပါးမှုများ ဖြစ်ပေါ်နိုင်ပါကြောင်း၊ ယင်းကြောင့် စက်မှုလယ်ယာစနစ် ကို ဥပဒေ၊ ဘဏ္ဍာရေး၊ နည်းပညာ၊ လူ့စွမ်းအားနှင့် ဈေးကွက်တို့ တစ်ပြိုင်တည်း ချိတ်ဆက်ပေး သည့်စနစ်တစ်ခုအဖြစ် ဆောင်ရွက် ရန်လိုအပ်ပါကြောင်း။

ရိုးရာလယ်ယာစနစ်မှ ခေတ်မီ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်း ခြင်းဆိုသည်မှာ လယ်သမားများ ၏အချိန်ကို တန်ဖိုးထားခြင်း၊ လုပ်အားကို သက်သာစေခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချ ခြင်း၊ ထုတ်လုပ်နိုင်စွမ်းကိုမြှင့်တင် ခြင်း၊ စားနပ်ရိက္ခာဖူလုံရေးကို ခိုင်မာစေခြင်းနှင့် ကျေးလက် စီးပွားရေးကို ခေတ်မီအောင် ပြောင်းလဲခြင်းတို့ ဖြစ်ပါကြောင်း၊ လယ်သမားများကို ဗဟိုပြု၍ စက်ယန္တရားငှားရမ်းခြင်း ဝန်ဆောင် မှု၊ ချေးငွေနှင့် ထောက်ပံ့ရေးစနစ်၊ လယ်ယာအခြေခံအဆောက်အအုံ၊ လူ့စွမ်းအားဖွံ့ဖြိုးရေး၊ စက်ပြုပြင် ထိန်းသိမ်းခြင်းနှင့် တာဝန်ယူမှု ရှိသော ဈေးကွက်စနစ်တို့ကို တစ်စု တစ်စည်း ထည့်သွင်းထားသည့် ဥပဒေတစ်ရပ်ရေးဆွဲရန် အထူး လိုအပ်လျက် ရှိပါကြောင်းနှင့် အဆိုကို လေးနက်စွာ ထောက်ခံ ပါကြောင်း ဆွေးနွေးသည်။

**ကြံခင်း မဲဆန္ဒနယ်မှ ဦးနိုင်မင်းဦး** က လယ်ယာလုပ်ငန်းတွင် အချိန် သည် အလွန်အရေးကြီးပါကြောင်း၊ စိုက်ချိန်နောက်ကျလျှင် ရိတ်သိမ်း ချိန်နှင့်အထွက်နှုန်းကိုပါ ထိခိုက်နိုင် ပါကြောင်း၊ ထို့ကြောင့် စက်မှု လယ်ယာဆိုသည်မှာ စက်ယန္တရား တစ်စီး ဝယ်ပေးခြင်းမျှမဟုတ်ဘဲ တောင်သူ၏အလုပ်ကို အချိန်မီ ပြီးမြောက်စေပြီး တစ်ဧက ထုတ်လုပ်မှု ကုန်ကျစရိတ်ကို ထိန်းချုပ်ပေးနိုင်သည့် စနစ် တစ်ရပ်ဖြစ်ပါကြောင်း၊ ယနေ့ တောင်သူများအတွက်စက်ယန္တရား ကို တစ်ဦးချင်းဝယ်ယူပိုင်ဆိုင်ရန် မလွယ်ကူနိုင်ကြောင်း၊ ထို့ကြောင့် ဥပဒေတွင် "တောင်သူတိုင်း စက်ပိုင်ရှင်ဖြစ်ရမည်" ဆိုသည့် ပုံစံထက် "တောင်သူတိုင်း လိုအပ်သည့်အချိန်တွင် စက်အသုံး ပြုခွင့်ရရှိရမည်" ဆိုသည့် မူကို အခြေခံသင့်ပါကြောင်း၊ ထို့ကြောင့် စက်ငှားရမ်း ဝန်ဆောင်မှုစနစ်၊ စက်ဝန်ဆောင်မှု စခန်းများ၊ အရစ်ကျငွေပေးချေမှု၊ သင့်လျော် သောချေးငွေ၊ စက်ပြုပြင်ရေးနှင့် အပိုပစ္စည်းရရှိရေးတို့ကို ဥပဒေ ဖြင့် အားပေးသင့်ပါကြောင်း။

ထို့ပြင် စက်မှုလယ်ယာသည် တောင်သူ၏လုပ်အားကို သက်သာ စေခြင်း၊ အချိန်မီလုပ်ငန်း ဆောင်ရွက်နိုင်ခြင်း၊ ထုတ်လုပ်မှု ကုန်ကျစရိတ်ကို ထိန်းချုပ်နိုင်ခြင်း နှင့် ဝင်ငွေတိုးတက်ရေးတို့နှင့် တိုက်ရိုက် ဆက်စပ်နေပါကြောင်း၊ ထို့ကြောင့် အဆိုသည် စက်ဝယ်ယူ ရေးအဆိုမဟုတ်ဘဲ တောင်သူများ ၏ ထုတ်လုပ်မှုစွမ်းအားနှင့် စီးပွားရေးအခြေအနေ မြှင့်တင်ရေး အဆိုဖြစ်ပါကြောင်း၊ အလားတူ စက်ဝန်ဆောင်မှုစခန်း၊ ငှားရမ်းခ နှုန်းထားဆိုင်ရာ မူဝါဒ၊ စက်ပြုပြင် ထိန်းသိမ်းရေးနှင့် တောင်သူအခွင့် အရေးများကို ထည့်သွင်းပြဋ္ဌာန်း ပေးရန် အကြံပြုအပ်ပါကြောင်း၊ တောင်သူတိုင်း စက်မပိုင်နိုင်သော် လည်း တောင်သူတိုင်း စက်အသုံး ပြုခွင့်ရရှိနိုင်ရေးသည် စက်မှု လယ်ယာဖွံ့ဖြိုးရေး၏ အခြေခံ ရည်မှန်းချက် ဖြစ်သင့်ပါကြောင်း၊ စက်မှုလယ်ယာ ကူးပြောင်းရေး တွင် "ဘဏ္ဍာရေးစနစ်"သည် အခြေခံကျသော အခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ ထို့ကြောင့် စက်ဝယ်ယူရန် ချေးငွေ၊ အရစ်ကျ စနစ်၊ ငှားရမ်းဝယ်ယူစနစ်နှင့် စက်ဝန်ဆောင်မှု လုပ်ငန်းများ အတွက် အရင်းအနှီးပံ့ပိုးမှုတို့ကို စနစ်တကျ တည်ဆောက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် စက်မှုလယ်ယာ ဖွံ့ဖြိုးရေးအတွက် သီးခြား ဘဏ္ဍာရေး မူဝါဒတစ်ရပ် ချမှတ် သင့်ပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေး သည်။

**မြဝတီ မဲဆန္ဒနယ်မှ ဦးခင်မောင်ချင်း**က စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို စနစ်တကျ ပြဋ္ဌာန်းအကောင် အထည်ဖော်နိုင်ပါက လယ်ယာ လုပ်ငန်းများ၏ စက်မှုလယ်ယာ အသုံးပြုမှု တိုးတက်လာပြီး ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ပိုမို မြန်ဆန် ထိရောက်လာမည်ဖြစ် ပါကြောင်း၊ ထို့ပြင်လုပ်သား လိုအပ်ချက်နှင့် ထုတ်လုပ်မှုကုန်ကျ စရိတ်များကို လျှော့ချနိုင်ခြင်း၊ သီးနှံရိတ်သိမ်းချိန် နောက်ကျမှုနှင့် ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုများ ကို လျှော့ချနိုင်ခြင်း ထိုမှတစ်ဆင့် တောင်သူ လယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝ တိုးတက် ကောင်းမွန်ရေးကို အထောက်အကူပြုနိုင်မည် ဖြစ် ပါကြောင်း။

ထို့ကြောင့် စက်မှုလယ်ယာ ကဏ္ဍ၏ လက်ရှိလိုအပ်ချက်များ နှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရန်၊ တောင်သူလယ်သမား များ၏ စက်မှုလယ်ယာနည်းပညာ နှင့် စက်ယန္တရားများ အသုံးပြုနိုင်မှု တိုးတက်စေရန်၊ လယ်ယာ ထုတ်လုပ်မှုမြှင့်တင်ရန်၊ နိုင်ငံတော် ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူပြုနိုင်ရန်အတွက် စက်မှု လယ်ယာ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို သီးခြားဥပဒေတစ်ရပ် အဖြစ် ပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုရင်း အဆိုကို ထောက်ခံပါ ကြောင်း ဆွေးနွေးသည်။

**လဲချားမဲဆန္ဒနယ်မှ စိုင်းစိန်ဝင်း** က စက်မှုလယ်ယာဖွံ့ဖြိုးရေး ဥပဒေ တွင် တောင်သူများအတွက် စက်ယန္တရားဝယ်ယူရန် ချေးငွေ နှင့်ငွေကြေးပံ့ပိုးမှု စနစ်များ၊ စက်ယန္တရား ငှားရမ်းအသုံးပြုနိုင် သည့်စနစ်များ၊ ကျေးလက်ဒေသ အလိုက် စက်ယန္တရားဝန်ဆောင်မှု စင်တာများ တည်ဆောက်ပေး ခြင်း၊ စက်ပစ္စည်းပြုပြင်ထိန်းသိမ်း ရေးနှင့် အပိုပစ္စည်းရရှိရေးစနစ်များ နှင့် စက်ယန္တရားအသုံးပြုသူများ အတွက် လက်တွေ့ကျွမ်းကျင်မှုနှင့် ဘေးကင်းလုံခြုံရေး သင်တန်းများ စသည့် လက်တွေ့ကျသည့်အချက် များပါဝင်ရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် တောင်သူတစ်ဦးချင်းစီ စက်ဝယ်နိုင်ရေးထက် တောင်သူ များလိုအပ်သည့် အချိန်တွင် စက်ယန္တရားကို အလွယ်တကူ အသုံးပြုနိုင်ရေးကို ပိုမိုအလေးထား သင့်ပါကြောင်း၊ ထို့အပြင် စက်မှု လယ်ယာဖွံ့ဖြိုးလာပါက စက်ပြုပြင် ရေး ၊ အပိုပစ္စည်းထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လယ်ယာ ဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်လာနိုင်သဖြင့် ကျေးလက် ဒေသတွင် အလုပ်အကိုင်နှင့် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများလည်း တိုးတက်လာ နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တောင်သူများအတွက် စက် ယန္တရား၊ ငွေကြေး၊ နည်းပညာနှင့် ဝန်ဆောင်မှုများကို တစ်စု တစ်စည်းတည်း ပံ့ပိုးပေးနိုင်မည့် စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတစ်ရပ် အမြန်ဆုံးရေးဆွဲ ပြဋ္ဌာန်းရန် တိုက်တွန်းသည့် ယခု အဆိုကို အလေးအနက် ထောက်ခံ ပါကြောင်း ဆွေးနွေးသည်။

**ကျေးသီး မဲဆန္ဒနယ်မှ ဒေါ်နန်းတင်ဦး**က ယနေ့ခေတ် လယ်ယာစိုက်ပျိုးရေးသည် ရိုးရာ လုပ်သားအင်အားနှင့် စက်ယန္တရား အသုံးပြုမှုအဆင့်တွင်သာ မရပ်တန့် တော့ဘဲ တိကျသောနည်းပညာ၊ သတင်းအချက်အလက်နှင့် အလို အလျောက်စနစ်များ အသုံးပြု သည့် ခေတ်မီလယ်ယာစနစ်သို့ ကူးပြောင်းလာနေပါကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့်လည်း ထွန်စက်၊ ရိတ်သိမ်းစက်များ အသုံးပြုခြင်းမှစ၍ မြေ၊ ရေ၊ မျိုးစေ့၊ မြေသြဇာနှင့် သီးနှံအခြေ အနေများကို အချက်အလက် အပေါ်အခြေခံ၍ စီမံခန့်ခွဲသည့် လယ်ယာ စနစ်များအထိ တဖြည်းဖြည်း တိုးတက်သွားရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက် နိုင်ရန် စက်ယန္တရားများ တင်သွင်း အသုံးပြုခြင်း တစ်ခုတည်းဖြင့် မလုံလောက်ဘဲ စံချိန်စံညွှန်း၊ စမ်းသပ်စစ်ဆေးမှု၊ ဘေးကင်း လုံခြုံရေး၊ နည်းပညာသုတေသန၊ ကျွမ်းကျင်လုပ်သားနှင့် ပြည်တွင်း စက်မှုလုပ်ငန်းတို့ကို တစ်ပြိုင်တည်း ဖွံ့ဖြိုးစေရန် လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတစ်ရပ် ကို အမြန်ဆုံး ရေးဆွဲပြဋ္ဌာန်းပြီး နည်းပညာ၊စံချိန်စံညွှန်း၊လူ့စွမ်းအား၊ ပြည်တွင်းစက်မှု လုပ်ငန်းနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော်ပေးရန် တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ တင်သွင်း သည့် စက်မှုလယ်ယာဖွံ့ဖြိုးတိုး တက်ရေး ဥပဒေရေးဆွဲပြဋ္ဌာန်း ရန် တိုက်တွန်းသည့် အဆိုကို အလေးအနက် ထောက်ခံပါ ကြောင်း ဆွေးနွေးသည်။

**မိုင်းကိုင် မဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းမွေ**က စက်မှု လယ်ယာ၏ အကျိုးကျေးဇူးကို လယ်သမားအနည်းစုသာရရှိပြီး တောင်သူအများစုမရရှိပါက နိုင်ငံ ၏ စက်မှုလယ်ယာကူးပြောင်းရေး ရည်မှန်းချက် မပြည့်စုံနိုင်ပါ ကြောင်း၊ထို့ကြောင့်တောင်သူငယ် များအတွက် စက်ငှားရမ်းရေး၊ ငွေကြေးအထောက်အပံ့၊ စက် ဝန်ဆောင်မှုနှင့် နည်းပညာ လက်လှမ်းမီရေးတို့ကို ဥပဒေတွင် ထည့်သွင်းပေးရန် ထောက်ခံအပ် ပါကြောင်း၊ စက်မှုလယ်ယာဖွံ့ဖြိုး ရေးကို ဆွေးနွေးရာတွင် တောင်သူ များ၏ လုပ်သားအင်အား အခန်း ကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစား ရန်လိုအပ်ပါကြောင်း၊ ကျေးလက် ဒေသတွင်လယ်ယာလုပ်သားရှားပါး လာခြင်း၊ အလုပ်သမားစရိတ် မြင့်တက် လာခြင်းတို့သည် လယ်ယာကုန်ထုတ်လုပ်မှု အပေါ် သက်ရောက် နိုင်ပါကြောင်း၊ စက်မှုလယ်ယာသည် လုပ်အား လိုအပ်ချက်ကို လျှော့ချနိုင်သည့် နည်းလမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ သို့သော် စက်မှုလယ်ယာကြောင့် လူအလုပ်အကိုင်များ ပျောက်ကွယ် သွားမည်ဆိုသည့် စိုးရိမ်မှုကိုလည်း လျစ်လျူရှု၍ မရပါကြောင်း၊ အမျိုးသမီး တောင်သူများအတွက် လည်း လေးလံသောလုပ်အား လိုအပ်သည့် လယ်ယာလုပ်ငန်း များကို စက်ဖြင့်လျှော့ချနိုင်ခြင်း သည် အကျိုးရှိနိုင်ပါကြောင်း၊ ထို့ကြောင့် စက်ငှားရမ်းရေးနှင့် သင်တန်းများတွင် အမျိုးသမီးများ နှင့် လူငယ်များ လက်လှမ်းမီနိုင် ရေးကို ထည့်သွင်းသင့်ပါကြောင်း၊ စက်မှုလယ်ယာသည် လူကို ဖယ်ရှားရန် မဟုတ်ပါကြောင်း၊ လူ၏လုပ်အားကို ပိုမိုတန်ဖိုး ရှိသော နည်းပညာနှင့် စီမံခန့်ခွဲမှု လုပ်ငန်းများသို့ ပြောင်းလဲပေးရန် ဖြစ်ပါကြောင်း၊ ထို့ကြောင့် စက်မှု လယ်ယာဥပဒေတွင် လူငယ်နှင့် အမျိုးသမီးများ အတွက် လေ့ကျင့်ရေးနှင့် လုပ်ငန်းအခွင့် အလမ်းများ ထည့်သွင်းပေးရန် ဒေါက်တာကျော်ဆွေ (တောင်တွင်း ကြီး မဲဆန္ဒနယ်)မှ တင်သွင်းသည့် စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေရေးဆွဲပြဋ္ဌာန်းရန် တိုက်တွန်း သည့်အဆိုကို အလေးအနက် ထောက်ခံပါကြောင်း ဆွေးနွေး သည်။ စာမျက်နှာ ၆ သို့ ✰

☆ စာမျက်နှာ ၅ မှ

**တမူးမဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်**က စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲ ဆောင်ရွက်နိုင်ပါက လုပ်သားလိုအပ်ချက် လျှော့ချနိုင်ခြင်း၊ အချိန်မီထွန်ယက်/ စိုက်ပျိုး/ ရိတ်သိမ်းနိုင်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်ခြင်း၊ စိုက်ပျိုးချိန်/ ရိတ်သိမ်းချိန်နောက်ကျမှုကြောင့် ဖြစ်သောဆုံးရှုံးမှုများ လျှော့ချနိုင်ခြင်း၊ လယ်ယာထုတ်ကုန် အရည်အသွေးမြှင့်တင်နိုင်ခြင်း၊ လူငယ်များလယ်ယာကဏ္ဍသို့ နည်းပညာဖြင့်ပြန်လည် ဝင်ရောက်လာနိုင်ခြင်းစသည့်အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်ပါကြောင်း၊ တောင်သူတစ်ဦးချင်းစီအတွက် လယ်ထွန်စက်၊ ရိတ်သိမ်းစက်၊ အခြောက်ခံစက်တို့ကို ပိုင်ဆိုင်ရန်ထက် မိမိလိုအပ်သည့်အချိန်တွင် အရည်အသွေးကောင်းမွန်သော စက်ကိုသင့်တင့်သောဈေးနှုန်းဖြင့် အသုံးပြုနိုင်ခြင်းက ပို၍အရေးကြီးပါကြောင်း၊ ထို့ကြောင့် ကျေးရွာအုပ်စုအလိုက်၊ သမဝါယမအဖွဲ့အလိုက်၊ တောင်သူအဖွဲ့အလိုက် စက်ယန္တရားများကို ပူးပေါင်းအသုံးပြုနိုင်သည့် စနစ်တစ်ရပ်ဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ဤအဆိုသည် "တောင်သူတိုင်း စက်ပိုင်ရှင်ဖြစ်ရေး" မဟုတ်ဘဲ "တောင်သူတိုင်း စက်မှုလယ်ယာဝန်ဆောင်မှုကို အပြည့်အဝရရှိအသုံးပြုနိုင်ရေး" ဖြစ်သင့်ပါကြောင်းနှင့် စက်မှုလယ်ယာဖွံ့ဖြိုးရေးဥပဒေ ပြဋ္ဌာန်းခြင်းသည် စက်ယန္တရားများ ပိုမိုဝယ်ယူ အသုံးပြုရန်အတွက်သာ မဟုတ်ဘဲ မြန်မာ့လယ်ယာကဏ္ဍ၏ စိုက်ပျိုး၊ ထုတ်လုပ်မှုစနစ်တစ်ခုလုံးကို ရိုးရာစနစ်မှ ခေတ်မီထိရောက်ပြီး ယှဉ်ပြိုင်နိုင်သော စိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲရန် ဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ပင်းတယ မဲဆန္ဒနယ်မှ ဦးဝင်းဇော်**က စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရာတွင် စက်ယန္တရားများကို ဝယ်ယူတင်သွင်းပေးရုံဖြင့် ရေရှည်တည်တံ့သော စက်မှုလယ်ယာစနစ်တစ်ရပ် မဖြစ်နိုင်သည့်အတွက် စက်ယန္တရားထုတ်လုပ်နိုင်သည့် နိုင်ငံသို့တဖြည်းဖြည်း ကူးပြောင်းရန်လိုအပ်ပါကြောင်း၊ ယနေ့လယ်ယာကဏ္ဍတွင် စက်များ ပိုမိုအသုံးပြုလာသည်နှင့်အမျှ ပြည်တွင်းစက်ယန္တရားထုတ်လုပ်ရေး၊ အပိုပစ္စည်းထုတ်လုပ်ရေး၊ တပ်ဆင်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများကို အားပေးသည့် မူဝါဒထည့်သွင်းသင့်ပါကြောင်း၊ တောင်သူများ၏ အမှန်တကယ် လိုအပ်ချက်နှင့် ကိုက်ညီသည့် စက်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ပါက လယ်ယာကဏ္ဍ တစ်ခုတည်းကိုသာ အကျိုးပြုမည်မဟုတ်ဘဲ သံမဏိ၊ လျှပ်စစ်၊ စက်မှုထုတ်လုပ်ရေး၊ အင်ဂျင်နီယာ၊ အပိုပစ္စည်းထုတ်လုပ်ရေးနှင့် နည်းပညာဝန်ဆောင်မှု ကဏ္ဍများကိုပါ အကျိုးသက်ရောက်စေမည်ဖြစ်ပါကြောင်း။

စက်မှုလယ်ယာဖွံ့ဖြိုးရေးတွင် စက်ယန္တရားသည် အရင်းအနှီးကြီးမားသည့် ပစ္စည်းတစ်ခုဖြစ်ပြီး အန္တရာယ်နှင့်လည်း ဆက်စပ်နေသည့်အတွက် စက်မှုလယ်ယာဥပဒေကိုပြုစုရာတွင် စက်ယန္တရားဝယ်ယူရေးအတွက် ငွေကြေးထောက်ပံ့မှုနှင့်အတူ စက်ယန္တရားအာမခံ၊သဘာဝဘေးအန္တရာယ်နှင့် ဈေးငွေအန္တရာယ် စီမံခန့်ခွဲရေးကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါကြောင်း၊ ထို့ကြောင့် ဥပဒေတွင် အစိုးရ၊ ဘဏ်များ၊ အာမခံလုပ်ငန်းများနှင့် တောင်သူအဖွဲ့များ ပူးပေါင်း၍ စက်မှုလယ်ယာအတွက် သင့်လျော်သည့် အာမခံနှင့် အန္တရာယ်စီမံခန့်ခွဲရေးစနစ်များ ဖော်ဆောင်နိုင်ရန် အခြေခံမူများ ထည့်သွင်းသင့်ပါကြောင်း ဆွေးနွေးသည်။

**တာချီလိတ် မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်**က စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်ခန့်ကတည်းက အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့သည်နှင့်အညီ ယနေ့ခေတ်စက်ယန္တရားများအသုံးပြုမှု၊ ငှားရမ်းဝန်ဆောင်မှု၊ စက်ပြုပြင်ထိန်းသိမ်းမှု၊ စက်ပစ္စည်းအရည်အသွေးနှင့် လုံခြုံရေးများ၊ နည်းပညာသင်တန်းနှင့် ပုဂ္ဂလိကကဏ္ဍ ပါဝင်မှုများသည်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုကျယ်ပြန့် ဖွံ့ဖြိုးတိုးတက်လာနေသည့်အတွက် စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေသည် အတိအကျ လိုအပ်နေပြီဖြစ်ပါကြောင်း၊ စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်၏ စီးပွား ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အကျိုးရှိစေပြီး အထောက်အပံ့ကောင်း များစွာ ဖြစ်ထွန်းလာစေမည် ဖြစ်ပါကြောင်း။

ထို့ပြင် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်တည်တံ့စေမည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာနိုင်ငံ မြေမျက်နှာသွင်ပြင်၊ မြေအမျိုးအစား၊ ရာသီဥတု၊ သီးနှံပုံစံတို့နှင့် ကိုက်ညီစေမည့် စက်ယန္တရားများကို သုတေသနများပြုလုပ်ပြီး ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်း စက်ယန္တရားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေး၊ တောင်သူလယ်သမားများအတွက် လက်တွေ့အသုံးဝင်စေမည့်နည်းပညာများ ဖြန့်ဝေထောက်ပံ့ပေးနိုင်စေရေးကို အလေးအနက်ထားကာ ဥပဒေများဖြင့် အကာအကွယ်ပေး အားပေးအားမြှောက် ပြုရမည်ဖြစ်သည့်အတွက် အဆိုကို အပြည့်အဝ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ကျောက်ပန်းတောင်း မဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်၊ မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသန်းရွှေ၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးမိုးတင်နှင့် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အဓိကအခြေခံထားပြီး နိုင်ငံလူဦးရေ၏ (၇၀) ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် မှီတင်းနေထိုင်လျက်ရှိကြပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် စိုက်ပျိုးရေးကဏ္ဍသည် အဓိကအရေးပါသော အခန်းကဏ္ဍမှပါဝင်နေသဖြင့် စိုက်ပျိုးရေးထုတ်လုပ်မှုစွမ်းအား တိုးတက်စေရန်အတွက် လယ်ယာလုပ်ငန်းတွင် စက်ယန္တရားနှင့် ခေတ်မီနည်းပညာများကို ထိရောက်စွာ အသုံးချနိုင်ရေးသည် အရေးကြီးသော လိုအပ်ချက်တစ်ရပ် ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် လူအင်အားအပေါ် အလွန်အကျွံမှီခိုအသုံးပြုမှုကို လျှော့ချနိုင်ရန်၊ လယ်ယာလုပ်ငန်း၏ ထုတ်လုပ်မှုစွမ်းရည်နှင့် ထိရောက်မှုကို မြှင့်တင်နိုင်ရန်၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်ကို လျှော့ချနိုင်ပြီး တောင်သူဝင်ငွေ တိုးစေရန်၊ ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်၊ တောင်သူလယ်သမားများအတွက် စက်ယန္တရားအသုံးပြုနိုင်မှုကို တိုးမြှင့်နိုင်ရန်တို့အတွက် ခေတ်မီစက်မှုလယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

စက်ကိရိယာများကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် အချိန်တိုအတွင်း စိုက်ပျိုး၊ ရိတ်သိမ်းနိုင်ကာ သီးထပ်စွမ်းအားကို မြှင့်တင်ပေးနိုင်မည်ဖြစ်သကဲ့သို့ ရိတ်သိမ်းချိန်မှန်ကန်ခြင်းနှင့် လေလွင့်ပြုန်းတီးမှုကို လျှော့ချပေးနိုင်သဖြင့် သီးနှံထုတ်လုပ်မှုတိုးတက်လာပြီး သီးနှံအရည်အသွေးကိုလည်း ပိုမိုကောင်းမွန်လာမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တောင်သူများ စက်ပစ္စည်း ဝယ်ယူပိုင်ဆိုင်ခြင်းကိုသာ အခြေခံခြင်းမပြုဘဲ ငှားရမ်းအသုံးပြုခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ သမဝါယမနှင့် စုပေါင်းအသုံးပြုခြင်း၊ သင့်လျော်သောငွေကြေးထောက်ပံ့မှု၊ နည်းပညာသင်တန်း၊ အရည်အသွေးစစ်ဆေးမှု၊ လေ့ကျင့်ရေး၊ ပြည်တွင်း ထုတ်လုပ်မှုနှင့် တောင်သူအခွင့်အရေးကာကွယ်မှု တို့ကို တစ်ခုတည်းသော စက်မှုလယ်ယာစနစ်လွှမ်းခြုံဖော်ဆောင်နိုင်အောင် ဥပဒေတစ်ရပ်ကို ခိုင်မာစွာ ပြဋ္ဌာန်းပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ဥပဒေပြဋ္ဌာန်းနိုင်ခြင်းဖြင့် စက်ကိရိယာ ဝယ်ယူလိုသည့် တောင်သူများအတွက် သက်သာသောအတိုးနှုန်းဖြင့် ရေရှည်ချေးငွေစနစ်များ၊ အရစ်ကျစနစ်များနှင့် အခွန်ကင်းလွတ်ခွင့်ဆိုင်ရာမူဝါဒများကို တရားဝင်အကာအကွယ်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ဥပဒေတွင် စက်မှုလယ်ယာဝန်ဆောင်မှု အခန်းကဏ္ဍ ထည့်သွင်းရေးဆွဲခြင်း၊ လယ်ယာသုံး စက်ကိရိယာများ၏ အရည်အသွေး စမ်းသပ်ခြင်း၊ အကဲဖြတ်ခြင်း၊ မှတ်ပုံတင်ခြင်း၊ စံသတ်မှတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အသုံးပြုမည့် တောင်သူ လယ်သမားများ၏ စိတ်ချယုံကြည်မှုကို ရရှိစေမည်ဖြစ်ပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်စေနိုင်မည် ဖြစ်ပါကြောင်း၊ ယခုအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည့် အပေါ်တွင်လည်း ဝန်ကြီးဌာနအနေဖြင့် များစွာအသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်းနှင့် ဆွေးနွေးအကြံပြုချက်များကို လိုအပ်သလို ဖြည့်စွက် ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်က ချမှတ်ထားသော စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒနှင့်အညီ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊ စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာ ဘေးကင်းလုံခြုံရေးနှင့် လယ်ယာ ကုန်ထုတ်စွမ်းအား မြင့်မားပြီး တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ ရေရှည် ဖွံ့ဖြိုးတိုးတက်သော စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရောက်ရှိစေရန်၊ တောင်သူလယ်သမားများနှင့် ဒေသခံလယ်သမား အစုအဖွဲ့များက ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ် ထူထောင်နိုင်သည့် သင့်လျော်သော လယ်ယာသုံးစက်ကိရိယာများအသုံးပြုရေးကို ပံ့ပိုးကူညီပြီး အားပေးမြှင့်တင်ရန်၊ လယ်ယာသုံး စက်ကိရိယာများကို အရည်အသွေးအာမခံချက် ပြည့်မီစွာ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးနှင့် တောင်သူများ လက်လှမ်းမီစွာ ဝယ်ယူ၊ ငှားရမ်းအသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်က ထောက်ပံ့ကူညီပေးနိုင်ရန်၊ သမားရိုးကျ လက်မှုလယ်ယာစနစ်မှ ရေရှည်တည်တံ့သည့် စက်မှုလယ်ယာစနစ်သို့ စနစ်တကျကူးပြောင်းနိုင်ရန် စသည့်မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေမည့် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကျိုးကျေးဇူးများ ကြီးမားစွာဖြစ်ထွန်းစေနိုင်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့်လည်း လက်ရှိတွင် အခန်း(၁၆) ခန်း ပါရှိသည့် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဥပဒေတစ်ရပ်ကို အကောင် အထည်ဖော်ရေးဆွဲလျက်ရှိပြီး ဆက်လက်၍လည်း ထပ်မံဖြည့်စွက်သင့်သည့် အချက်များကို ဖြည့်စွက်ရေးဆွဲသွားမည်ဖြစ်ပါသဖြင့် ဝန်ကြီးဌာနမှ ရည်မှန်းဆောင်ရွက်နေမှုနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး၏ အဆိုတင်သွင်းမှုမှာ ကိုက်ညီမှုရှိပြီး အလွန်တရာအကျိုးရှိသော အဆိုတစ်ရပ်လည်း ဖြစ်သည့်အတွက် အဆိုအပေါ် ထောက်ခံပါကြောင်းနှင့် ဥပဒေအမြန်ဆုံးပေါ်ပေါက်ရေး အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို အောက်တိုဘာ ၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

## ၂၃၀ ကေဗွီ နေပြည်တော်-၂ ပင်မဓာတ်အားခွဲရုံတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဓာတ်အားပိတ်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးပန်ကြားချက်

**နေပြည်တော် အောက်တိုဘာ ၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတ တည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၃၀ ကေဗွီ နေပြည်တော်-၂ ပင်မဓာတ်အားခွဲရုံ ၁၀၀ အမ်ဗွီအေ မိန်းထရန်စဖော်မာ၏ ၁၁ ကေဗွီ မြေအောက်ဓာတ်ကြိုးလျှပ်ကာပစ္စည်း ချို့ယွင်းမှုဖြစ်ပေါ်နေခြင်းကို အစားထိုးလဲလှယ်နိုင်ရန် အဆိုပါ မိန်းထရန်စဖော်မာအား အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဟိုတယ်ဇုန်အမှတ်(၂)၊ Naypyitaw State Polytechnic University၊ ဆင်ဖြူရှင်ရပ်ကွက်၊ တပင်ရွှေထီးရပ်ကွက်၊ နဝဒေးရပ်ကွက်စသည့် ရပ်ကွက်အချို့နှင့် ကျေးရွာအချို့ အချိန်သုံးနာရီကြာခန့် ယာယီဓာတ်အားပြတ်တောက်နေမည် ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူမိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

အလားတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ၂၃၀ ကေဗွီ ပင်မ(၁) ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ တောင်ညိုဓာတ်အားလိုင်းကို အောက်တိုဘာ ၃ ရက်၊ ၁၀ ရက်၊ ၁၇ ရက်တို့တွင် နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်မည့် အဆိုပါနေ့ရက်များတွင် ရွှေနံ့သာရပ်ကွက်နှင့် ကျေးရွာ ၅၁ ရွာတို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူများကို ကြိုတင်အသိပေးထားပြီး ဖြစ်ပါကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေး က တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးဆဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၁၉၆ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးသိန်းလှိုင်၏ **အသက်(၁၈)နှစ်အောက် ကလေးသူငယ်များအတွက် Online Platform များ အသုံးပြုရာတွင် ကြုံတွေ့ရင်ဆိုင်နေရသည့် အန္တရာယ်များမှ ကာကွယ်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က Online Platform များ အသုံးပြုရာတွင် ကြုံတွေ့ ရင်ဆိုင်နေရသည့် အန္တရာယ်များအား ဥပဒေပိုင်းဆိုင်ရာအရ ကာကွယ်နိုင်ရန် ဆိုက်ဘာလုံခြုံရေး ဥပဒေကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဦးစီးကော်မတီအနေဖြင့် ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်းတို့နှင့် စပ်လျဉ်း၍ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့ပြင် အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း၊ အသိပေးကြေညာခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းများ၊ အခြေခံအဆောက်အအုံ ကာကွယ်ခြင်းလုပ်ငန်းများကို ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေး အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပုဒ်မ(၁၀)အရ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဦးစီးကော်မတီအောက်တွင် ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာကာကွယ်ရေး၊ ဆိုက်ဘာမှုခင်းဆိုင်ရာ လုပ်ငန်းကော်မတီများအား ဖွဲ့စည်းထားပြီး ဆိုက်ဘာခြိမ်းခြောက်မှုများနှင့် ဆိုက်ဘာမှုခင်းများအား အရေးယူနိုင်ရေးနှင့် ကာကွယ်တားဆီးရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဒ်မ (၁၁) အရ ဆိုက်ဘာလုံခြုံရေးဦးစီးဌာနအနေဖြင့် အွန်လိုင်းမှတစ်ဆင့် နှောင့်ယှက် စော်ကားမှုများနှင့် မဟုတ်မမှန်သတင်းများ ဖြန့်ဝေမှုများကို တားဆီးကာကွယ်နိုင်ရေး အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ဆိုက်ဘာလုံခြုံရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် ကျောင်းသားလူငယ်များအတွက် Online Platform များ အသုံးပြုရာတွင် ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် အန္တရာယ်များအား ကြိုတင်ကာကွယ်နိုင်ရန်အတွက် နိုင်ငံတော်အဆင့် အခမ်းအနားများတွင် ဆိုက်ဘာလုံခြုံရေး အသိပညာပေး လက်ကမ်းစာစောင်များမျှဝေခြင်း၊ ဗီဒီယို / Animation များပြသခြင်းနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ကျင်းပခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံပိုင်ရုပ်သံမီဒီယာများတွင် "ဆယ်ကျော်သက်နှင့် ဆိုက်ဘာ အနိုင်ကျင့်ခြင်း" ခေါင်းစဉ်အပါအဝင် ဆိုက်ဘာလုံခြုံရေးအသိပညာပေး ကာတွန်းဇာတ်လမ်းတိုများကို အခါအားလျော်စွာ ထုတ်လွှင့်ပြသလျက်ရှိပါကြောင်း။

ထို့ပြင် ဆက်သွယ်ရေးဥပဒေအရ "ဆက်သွယ်ရေး ကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း"တို့ ပြုလုပ်ခံရခြင်းများအား သက်ဆိုင်ရာရဲစခန်းများတွင် သတင်းပေးပို့တိုင်ကြားနိုင်ပြီး ပြစ်မှုထင်ရှားပါက ဥပဒေ၊ ပုဒ်မ ၆၆(ဃ)အရ နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရနိုင်ပါကြောင်း ဖြေကြားသည်။



တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပစဉ်။

စစ်ကိုင်း တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းတွင် တည်ရှိသော ဟင်နောင်ကျေးရွာနှင့် နန်းမောင်ခန်း ကျေးရွာတို့ကို ဆက်သွယ်ထားသော ကိုယ့်အားကိုယ်ကိုးသစ်သားတံတားခန့်မှန်း ပေ ၂၀၀ ကျော်အား ကွန်ကရစ်တံတား ဆောက်လုပ်ပေးရန်နှင့် နန်းမောင်ခန်း ကျေးရွာနှင့် ဆန်ကျိန်း ကျေးရွာတို့ကို ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် နန်းမောင်ခန်း ချောင်းကူးကြိုးတံတား ပေ ၂၀၀ အား ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ပထမတံတားဖြစ်သည့် ဟုမ္မလင်းမြို့နယ် ဟင်နောင်ကျေးရွာနှင့် နန်းမောင်ခန်း ကျေးရွာတို့ကို ဆက်သွယ်သည့် သစ်သားတံတားသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ သိမ်းသွင်းရန် ကျန်ရှိသည့် လမ်းစာရင်းတွင်ပါရှိသည့် တံတားဖြစ်ပြီး တည်ဆောက်ထားသည်မှာ နှစ်ကာလ ကြာမြင့်နေပြီဖြစ်၍ လက်ရှိအခြေအနေတွင် ဆိုင်ကယ်များသာ သွားလာနိုင်ပါကြောင်း၊ အဆိုပါ သစ်သားတံတားကို အဆင်ပြေချောမွေ့စွာ သွားလာနိုင်စေရေးအတွက် တိုင်းဒေသကြီး ရန်ပုံငွေ အကန့်အသတ်အတွင်းမှ ပြင်ဆင်ထိန်းသိမ်းခြင်းအား လတ်တလော ဆောင်ရွက်ပေးမည်ဖြစ်ပြီး သံကူကွန်ကရစ်တံတား ဆောက်လုပ်ခြင်းကို ဒေသလိုအပ်မှု၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် အကျိုးပြုမှုတို့အပေါ် မူတည်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ပြည်ထောင်စု (သို့မဟုတ်) တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှ စတင်၍ ဒေသန္တရဖွံ့ဖြိုးရေး ၅ နှစ် နှစ်တိုစီမံကိန်းစာရင်းတွင် အဆိုပြုလျာထားမည်ဖြစ်ပါကြောင်း။

ဒုတိယတံတား ဖြစ်သည့် နန်းမောင်ခန်း ကျေးရွာနှင့် ဆန်ကျိန်း ကျေးရွာတို့ကို ဆက်သွယ်သည့် ချောင်းကူးကြိုးတံတား ပေ ၂၀၀ သည် ကျေးလက်လမ်း ဇရိယာတွင် ပါဝင်သော်လည်း လုပ်ငန်းလိုအပ်ချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး တိုင်းဒေသကြီးရန်ပုံငွေမှ ငွေကျပ်သန်း ၅၄ ဒသမ ၆၀ ဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အဆိုပါ ကြိုးတံတားပြုပြင်ထိန်းသိမ်းရန်အတွက် ပွင့်လင်းရာသီတွင် မြေပြင်ကွင်းဆင်းပြီး လိုအပ်ချက်များနှင့်အညီ နယ်စပ်ဒေသဖွံ့ဖြိုးရေး တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှ စတင်၍ ဒေသဖွံ့ဖြိုးရေး ၅ နှစ် နှစ်တိုစီမံကိန်းစာရင်းတွင် အဆိုပြုလျာထားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးရခွီဖုန် (Rakwi Pung)၏ **ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ဇီးထန်ကျေးရွာအုပ်စု အချန်ချောင်းနှင့် ဇီးထန်ချောင်းဆုံတွင် အလျားပေ ၂၂၀၊ အကျယ် ၁၄ ပေရှိ RC သံကူကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ခေါင်လန်ဖူးမြို့နယ် အချန်ချောင်းနှင့် ဇီးထန်ချောင်းဆုံတွင် ပေ ၂၂၀ RC ကွန်ကရစ်တံတားတည်ဆောက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့်လည်း နည်းပညာပိုင်းဆိုင်ရာ အကူအညီများ ပေါင်းစပ်ပေးမည်ဖြစ်သော်လည်း နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် လက်ရှိနယ်မြေလုံခြုံရေး အခြေအနေအရ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် လုံခြုံရေးကောင်းမွန်လာသည့်အချိန်မှသာ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ပေါင်းစပ်၍ လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေး တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **မကွေးတိုင်းဒေသကြီး မင်းဘူး-သရက်ရထားလမ်း၊ သရက်-ကံမရထားလမ်း၊ မင်းလှ-တောင်တွင်းကြီး ရထားလမ်းပိုင်းများ ပြန်လည် ပြေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်နေခြင်း ရှိ၊ မရှိ၊ ရှိပါကမည်သည့် အချိန်ကာလတွင် ပြန်လည်ပြေးဆွဲနိုင်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာ့မီးရထားအနေဖြင့် မင်းဘူး-မင်းလှ-သရက် ခရီးစဉ်ကို မင်းဘူး (၁)/ (၂) RBE ရထားများဖြင့် ပြေးဆွဲခဲ့ပါကြောင်း၊ ဆက်လက်၍ သရက်-ကံမ ခရီးစဉ် ၂၉ ဒသမ ၁၄ မိုင်အား အမှတ်(၁၉၉) အဆန်/(၂၀၀) အစုန် RBE ရထားများဖြင့် ပြေးဆွဲပေးခဲ့ပါကြောင်း၊ အလားတူ မင်းလှ-တောင်တွင်းကြီးခရီးစဉ်ကို အမှတ်(၁၉၃) အဆန်/(၁၉၄)အစုန် RBE ရထားများဖြင့် ပြေးဆွဲပေးခဲ့ပြီး အဆိုပါ လမ်းပိုင်းများအား ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် မတ် ၂၉ ရက်မှစတင်၍ ရထားပြေးဆွဲခြင်းများကို ရပ်ဆိုင်းခဲ့ပါကြောင်း။

အဆိုပါ လမ်းပိုင်းသစ်များ ဖောက်လုပ်ခဲ့ရာတွင် သစ်သားဇလီဖားနှင့် ကွန်ကရစ်ဇလီဖားများ ပေါင်းစပ်၍ ဆောင်ရွက်ခဲ့သော လမ်းပိုင်းများဖြစ်ပြီး နှစ်ကာလကြာမြင့်သဖြင့် သစ်သားဇလီဖားတုံးများ ဆွေးမြည့်ခြင်း၊ တောမီးလောင် ပျက်စီးခြင်းများ ဖြစ်ပေါ်လျက် ရှိပါကြောင်း၊ ရေဝတီမြစ်အနောက်ဘက်ခြမ်း လုံခြုံရေး အခြေအနေပေးလျှင် လမ်းကြံ့ခိုင်မှုစစ်ဆေးပြီး လိုအပ်သည့် ကွန်ကရစ်ဇလီဖားတုံးနှင့် ကျောက်ဖြည့်ဆည်းခြင်း၊ တာပေါင်များ ရေတိုက်စားမှုကို

စာမျက်နှာ ၈ သို့ ☆

☆ **ရွာထောင်ဘူတာမှစတင်၍ ပြုပြင်ခဲ့ရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဝက်လက်ဘူတာအထိ ရောက်ရှိခဲ့ပါကြောင်း၊ ရွာထောင်ဘူတာမှ ဝက်လက်ဘူတာအထိ အကွာအဝေး ၃၄ မိုင်ခန့်အား အချိန်အားဖြင့် ၄ လခန့်ပြုပြင်ခဲ့ရပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ နှောင့်ယှက်ဖျက်ဆီးမှုများ များစွာကြုံတွေ့ခဲ့ရ**

☆ **ဝက်လက်-ရွှေဘို လမ်းပိုင်းတွင် ၁၀ ပေအရှည် တံတား ၄ စင်း၊ ပေ ၂၀ အရှည် တံတား ၁ စင်း မိုင်းခွဲဖျက်ဆီးခံရခြင်း၊ ရထားလမ်း၏ ၁ မိုင်ကျော်ခန့် သံလမ်းများဖြုတ်ခိုးခံရခြင်း၊ ရထားလမ်းတာပေါင်များကို မြေတူးစက် (Back Hoe)ဖြင့် မြောင်းတူးဖျက်ဆီးထားခြင်းများနှင့် လုံခြုံရေးအခြေအနေများအရ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါကြောင်း၊ ထို့ပြင် ဆောင်ရွက်ပြီးဖြစ်သော ရွာထောင်-ဝက်လက် လမ်းပိုင်းတွင်လည်း သာလှိုင်းရုံးသာဘူတာနှင့် ဝက်လက်ဘူတာကြားရှိ ပေ ၁၂၀ အရှည် တံတားအမှတ်(၅၇)ပြွန်ကြီးတံတား၏ တံတားသံပေါင်များ ဖျက်ဆီးခံရခြင်း၊ ခက်ခဘူတာနှင့် ပေါက်ကန်ဘူတာကြား ပြုပြင်ထားပြီး သံလမ်းပေ ၄,၂၀၀ ခန့် ဖျက်ဆီးခံရခြင်းများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထို့ပြင် စစ်ဆေးမှုမပြုနိုင်သေးသည့် နေရာများတွင်လည်း လမ်းများ၊ တံတားများ၊ ဘူတာအဆောက်အအုံများ၊ စက်ခေါင်းနှင့်တွဲများအား ဖျက်ဆီးထားမှုများကြောင့် မီးရထားဘူတာရှိ ဝန်ထမ်းများပင် တိမ်းရှောင်နေရ**

☆ စာမျက်နှာ ၇ မှ

ပြန်လည်ဖို့ခြင်း၊ တံတား(ကြီး/ငယ်) ပျက်စီးမှုများကို ပြုပြင်ခြင်း၊ ပျောက်ဆုံးနေသော သံလမ်းထိန်းကလစ်များ၊ Pad များ ပြန်လည်ဖြည့်တင်းခြင်း၊ အချက်ပြဆက်သွယ်ရေးစနစ်များ ပြန်လည်စစ်ဆေးပြုပြင်ခြင်း၊ ဘူတာများ ပြုပြင်ပေးခြင်း၊ ဝန်ထမ်းနေအိမ်များ ပြုပြင်ပေးခြင်း လုပ်ငန်းများအား နှစ်အလိုက် ဘဏ္ဍာငွေလျာထား၍ အကြီးစားပြုပြင် ဆောင်ရွက်သွားမည်ဖြစ်ပြီး လတ်တလော ရထားများ ပြန်လည်ပြေးဆွဲနိုင်သည့် အခြေအနေ မရှိသေးပါကြောင်း ဖြေကြားသည်။

စစ်ကိုင်း တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဦးခင်မောင်အေး၏ **စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ဆက်စပ်လျက်ရှိသည့် ကသာခရိုင်၊ ကောလင်းခရိုင်၊ ကန့်ဘလူခရိုင်၊ ရွှေဘိုခရိုင်တို့ကို ဆက်သွယ်ထားသည့် မီးရထားလမ်းအား အပိုင်းလိုက်၊ အဆင့်လိုက် မြန်မာ့မီးရထားမှ ပြုပြင်ပြေးဆွဲပေးရန် အစီအစဉ် ရှိ/ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းသည် (၃၄၂ ဒသမ ၇၅)မိုင်ရှိပြီး ယခင်က လူစီးအမြန်ရထား ၁၀ စင်း၊ စာပို့ရထား ၄ စင်း၊ လူစီးကုန်တင်ရထား ၁၀ စင်းနှင့် ခရီးတိုရထား ၂ စင်းတို့အား ပြေးဆွဲပေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် ဧပြီလမှစတင်၍ ရထားခရီးစဉ်များ ယာယီဖျက်သိမ်းထားခဲ့ပြီး လုံခြုံရေးအခြေအနေအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစ၍ ရပ်နားထားခဲ့ရပါကြောင်း။

မြန်မာ့မီးရထားမှ မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းတွင် ရထားများ ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ရှေးဦးစွာ ရွာထောင်-ရွှေဘိုလမ်းပိုင်း၏ ရထားလမ်းပြုပြင်ခြင်း လုပ်ငန်းများကို ၂၀၂၃ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ရွာထောင်ဘူတာမှစတင်၍ ပြုပြင်ခဲ့ရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဝက်လက်ဘူတာအထိ ရောက်ရှိခဲ့ပါကြောင်း၊ **ရွာထောင်ဘူတာမှ ဝက်လက်ဘူတာအထိ အကွာအဝေး ၃၄ မိုင်ခန့်အား အချိန်အားဖြင့် လေးလခန့်ပြုပြင်ခဲ့ရပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ နှောင့်ယှက်ဖျက်ဆီးမှုများ များစွာကြုံတွေ့ခဲ့ရပါကြောင်း။**

ရထားလမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း **ဝက်လက်-ရွှေဘို လမ်းပိုင်းတွင် ၁၀ ပေအရှည် တံတား ၄ စင်း၊ ပေ ၂၀ အရှည် တံတား ၁ စင်း မိုင်းခွဲဖျက်ဆီးခံရခြင်း၊ ရထားလမ်း၏ ၁ မိုင်ကျော်ခန့် သံလမ်းများဖြုတ်ခိုးခံရခြင်း၊ ရထားလမ်းတာပေါင်များကို မြေတူးစက် (Back Hoe)ဖြင့် မြောင်းတူးဖျက်ဆီးထားခြင်းများနှင့် လုံခြုံရေး အခြေအနေများအရ ဆက်လက် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါကြောင်း၊ ထို့ပြင် ဆောင်ရွက်ပြီးဖြစ်သော ရွာထောင်-ဝက်လက် လမ်းပိုင်းတွင်လည်း သာလွှင်းရုံးသာ ဘူတာနှင့် ဝက်လက်ဘူတာကြားရှိ ပေ ၁၂၀ အရှည် တံတားအမှတ်(၅၇) ပွန်ကြီးတံတား၏ တံတားသံပေါင်များ ဖျက်ဆီးခံရခြင်း၊ ခက်ခဘူတာနှင့် ပေါက်ကန်ဘူတာကြား ပြုပြင်ထားပြီး သံလမ်းပေ ၄၂၀၀ ခန့် ဖျက်ဆီးခံရခြင်းများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထို့ပြင် စစ်ဆေးမှုမပြုနိုင်သေးသည့် နေရာများတွင်လည်း လမ်းများ၊ တံတားများ၊ ဘူတာအဆောက်အအုံများ၊ စက်ခေါင်းနှင့်တွဲများအား ဖျက်ဆီးထားမှုများကြောင့် မီးရထားဘူတာရှိ ဝန်ထမ်းများပင် တိမ်းရှောင်နေရပါကြောင်း။**

မြန်မာ့မီးရထား အနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ မန္တလေး-မြစ်ကြီးနား လမ်းပိုင်းအား ရထားများပြန်လည်ပြေးဆွဲရေးအတွက် လုံခြုံရေး အခြေအနေအပေါ် မူတည်၍ လမ်းပိုင်းအလိုက် ပြုပြင်ပေးလျက်ရှိရာ ကချင်ပြည်နယ်အတွင်း မိုးကောင်း-မြစ်ကြီးနား အသွား/အပြန်ခရီးစဉ် မိုးကောင်း-၁/၂ RBE ရထားအား ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ စ၍လည်းကောင်း၊ မိုးညှင်း-မြစ်ကြီးနား အသွား/အပြန် ခရီးစဉ် အမှတ်(၄၉)အဆန်/(၅၀)အစုန် ရထားအား ၂၀၂၆ ခုနှစ် ဇူလိုင် ၂၂ ရက်မှ စ၍လည်းကောင်း တိုးချဲ့ပြေးဆွဲပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် အများပြည်သူ သယ်ယူပို့ဆောင်ရေး (Public Transportation) အတွက် များစွာဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများကလည်း ပူးပေါင်းပါဝင်၍ ဖျက်ဆီးမှုများကို ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းရန် လိုအပ်ပါကြောင်း။

သို့ပါ၍ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့ကို ဆက်သွယ်ထားသည့် ရထားလမ်းအား နယ်မြေလုံခြုံရေး အခြေအနေပေးသည့် အချိန်တွင် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) စောမြတ်ထွဋ်ဝင်း(ခ) ကိုဆွိ၏ **ကရင်ပြည်နယ်၊ ဘားအံ (မြိုင်ကလေး) ဘူတာရုံနှင့် သထုံဘူတာရုံသို့ ရထားလမ်းများ အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ပေးရန်နှင့် ရန်ကုန်-မော်လမြိုင် ရထားများသည် ဘားအံ (မြိုင်ကလေး) ဘူတာရုံသို့ လူစီးရထားများနှင့် ကုန်တွဲရထားများ ပြေးဆွဲပေးနိုင်ခြင်း ရှိ/ မရှိနှင့် ပြေးဆွဲပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်နှင့် ပြေးဆွဲပေးနိုင်ခြင်းမရှိပါက မည်သည့် အကြောင်းကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာ့မီးရထား အနေဖြင့် သထုံ-လှာကာ-မြိုင်ကလေးလမ်းပိုင်းအား ခရီးတိုရထားကို တွဲ(၂)တွဲပါ စက်ခေါင်းဖြင့် ၂၀၁၅ ခုနှစ် မေ ၂၃ ရက်မှစ၍ တစ်ပတ်လျှင် စနေ၊ တနင်္ဂနွေ နှစ်ရက်ဖြင့် နှစ်လစမ်းသပ်ပြေးဆွဲခဲ့သော်လည်း ခရီးသည် လိုက်ပါစီးနင်းမှုမရှိသည်ကို တွေ့ရှိရပါကြောင်း၊ သို့သော်လည်း လမ်းပိုင်း ပျက်စီးမှု မရှိစေရေးအတွက် လမ်းပိုင်း ထိန်းသိမ်းသည့်အနေဖြင့် တစ်လလျှင် သုံးခေါက်ပြေးဆွဲခဲ့ပြီး ခရီးသည်များ လိုက်ပါစီးနင်းမှုမရှိသဖြင့် ၂၀၁၇ ခုနှစ် မေ ၂၄ ရက်မှစ၍ ခရီးတိုရထားပြေးဆွဲခြင်းကို ရပ်ဆိုင်းခဲ့ကာ သံလမ်းပြေး ယာဉ်(RGC)ဖြင့် အနည်းဆုံး တစ်လတစ်ကြိမ်လမ်းပိုင်း စစ်ဆေးခြင်းကိုသာ ဆောင်ရွက်ခဲ့ပါကြောင်း။

သထုံ-လှာကာ-မြိုင်ကလေး ရထားလမ်းပိုင်း ဖွင့်လှစ်ခဲ့ပြီးနောက် မြိုင်ကလေး ဘိလပ်မြေစက်ရုံအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ သယ်ပို့ရန် ကုန်ရထားပြေးဆွဲမှုကို ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် ကုန်ပစ္စည်းများ သယ်ယူရန် မရှိသဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ရပ်နားထားခဲ့ပါကြောင်း။

သထုံဘူတာမှ လေးတိုင်ဘူတာအထိ (၅ ဒသမ သုည)မိုင် အကွာအဝေးကို ၂၀၂၅ ခုနှစ် မတ် ၂၀ ရက်တွင် လမ်းပိုင်းပြုပြင်ပြီးဖြစ်သဖြင့် ကုန်ရထား ပြေးဆွဲခြင်းကို ပြန်လည်ဆောင်ရွက်ခဲ့ပါကြောင်း၊ သထုံ-လှာကာ-မြိုင်ကလေးလမ်းပိုင်းတွင် ခရီးသည် ရထားအား လိုက်ပါစီးနင်းသူမရှိ၍ ဆက်လက်ပြေးဆွဲခြင်း မရှိသေးသည့်အပြင် လမ်းပိုင်း ပြုပြင်ခြင်းလုပ်ငန်းများမှာ ဆောင်ရွက်ဆဲဖြစ်သဖြင့် ကုန်ရထားအား လမ်းပိုင်းပြုပြင်ပြီးသည့်လေးတိုင်ဘူတာအထိသာ ပြေးဆွဲပေးလျက်ရှိပြီး ကျန်ရှိသည့် လမ်းပိုင်းပြုပြင် မွမ်းမံထိန်းသိမ်းမှုများ ဆက်လက်ဆောင်ရွက်နေပါကြောင်း။

သထုံ-လှာကာ-မြိုင်ကလေး လမ်းပိုင်းတွင် တိုင်တရာရပ်စခန်းဘူတာအနီး၌ လမ်းပိုင်းမှာ ဆင်ခြေလျှော ၁ အချိုး ၆၀ ရှိခြင်း၊ သထုံမှ လေးတိုင်အထိ ၅ မိုင်ခန့်သာ သံလမ်းတစ်ဆက်လျှင် ကွန်ကရစ်ဇလီဖား ၁၇ တုံး ထည့်သွင်းပြုပြင်ထားပြီး ကျန် ၁၇ မိုင်ကျော်အတွက် နှစ်စဉ်ဘဏ္ဍာငွေထည့်သွင်းလျာထား၍ ကွန်ကရစ်ဇလီဖား ထပ်မံထည့်သွင်းခြင်း၊ လမ်းခင်းကျောက်ဖြည့်သွင်းခြင်းနှင့် တံတားနေရာများ စစ်ဆေးပြုပြင်ခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ပါ၍ သထုံ-လှာကာ-မြိုင်ကလေး လမ်းပိုင်းတွင် ရန်ကုန်-မော်လမြိုင် DEMU ရထားနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် ဘားအံ (မြိုင်ကလေး)ဘူတာမှ လေးတိုင်ဘူတာအထိ ကျန်ရှိသည့် ၁၇ မိုင်အတွက် လမ်းပိုင်းပြုပြင်ခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမည်ဖြစ်ပါကြောင်းနှင့် ယင်းအချိန်တွင် ချိတ်ဆက်ပြေးဆွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများကို သတင်းအချက်အလက်များ၊ နည်းပညာ အထောက်အကူများ၊ ငွေကြေးပံ့ပိုးမှုများနှင့် အလုပ်အကိုင်ကျွမ်းကျင်မှုများ လွယ်ကူစွာရရှိစေရန်၊ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများ နိုင်ငံတကာ စံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေးပြည့်မီပြီး ပြည်တွင်းပြည်ပ ဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊ လုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့် အဟန့်အတားများ လျော့နည်းစေရန်၊ ဒီဂျစ်တယ်အသုံးပြုမှု၊ သတင်းအချက်အလက် နည်းပညာအသုံးပြုမှုနှင့် အွန်လိုင်းကုန်သွယ်မှုစနစ်တို့ ဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးကူညီရန်၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး အတွက်လိုအပ်သော အထောက်အပံ့များ၊ အစီအစဉ်များဖြည့်ဆည်း ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဆောင်ရွက်နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားပါကြောင်း လွှတ်တော်သို့ တင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၃) ဦးဟိန်းမင်းဦးက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာသုံးသပ်ချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ၍ အမျိုးသား လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမနေ့ကို အောက်တိုဘာ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# (YMBA) အသင်းရုံး ပြင်ဆင်စရိတ်နှင့် (၃၈)ဖြာမင်္ဂလာတရားတော်စာအုပ်များ လှူဒါန်း



**မန္တလေး အောက်တိုဘာ ၂**

ကျောက်ဆည်ခရိုင် ဗုဒ္ဓဘာသာကလျာဏယုဝ(YMBA) အသင်းရုံးပြင်ဆင်စရိတ်နှင့် (၃၈) ဖြာမင်္ဂလာတရားတော် စာအုပ်များ လှူဒါန်းပွဲကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက မန္တလေး၊ အမရပူရမြို့နယ်၊ အိုးဘိုရပ်ကွက်ရှိ အလှူရှင်နေအိမ်တွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝ (YMBA) အသင်းဥက္ကဋ္ဌ မင်္ဂလဓမ္မဇောတိကဓဇ ဦးမိုးဇော်ထွန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမြင့်ဦး၊ ဒေါ်ဖြူဖြူဆန်း၊ တွဲဖက်အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူရှင် (YMBA) အသင်း တိုင်းဒေသကြီးအတွင်းရေးမှူး ဦးထွန်းထွန်းရွှေ၊ (သား) ကိုမင်းသူခန့်၊ (သမီး)မသိမ့်သိမ့်သူ၊ မမေဇင်ထွန်း မိသားစုတို့က ကျောက်ဆည်ခရိုင် အသင်းရုံး ပြုပြင်စရိတ် ငွေကျပ် ၁၅ သိန်းနှင့် (၃၈)ဖြာမင်္ဂလာတရားတော် စာအုပ် ၂၀၀၊ အမရပူရခရိုင် အသင်းရုံးအတွက် စာအုပ် ၂၀၀ တို့ကို လှူဒါန်းရာ ကျောက်ဆည်ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၃)**

# စက်သုံးဆီအရောင်းဆိုင်များအား ဈေးတခင်စစ်ဆေး

**အမရပူရ အောက်တိုဘာ ၂**

မန္တလေး၊ အမရပူရမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်ရဲ တပ်ဖွဲ့မှူးရုံးနှင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် ဈေးကွက်အတွင်း ရောင်းချနေသော စက်သုံးဆီများ၊ အရောင်းဆိုင်များအား သတ်မှတ်အချိန်အတွယ်နှင့် အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီခြင်း ရှိ၊ မရှိ၊ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချမှု ရှိ၊ မရှိတို့ကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက ဈေးတခင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချမှု ရှိ၊ မရှိ ဆီလက်ကျန်အခြေအနေတို့ကို စစ်ဆေးပြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရေးနှင့် စက်သုံးဆီအရောင်းဆိုင်တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **လဲ့လဲ့နိုင်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး
# ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၂

၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော် ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့်ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်း ဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများက ကွင်းအတွင်း ဆက်လက် နေရာယူကြသည်။ ထို့နောက် ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာချိန်တွင် တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်တို့က ဖွင့်ပွဲစာတန်းပါ မိုးပျံပူဖောင်းများအား ဖဲကြိုးဖြတ်၍ လွှတ်တင်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားသမားများ၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများ မှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများ အဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ် အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ အခုကဲ့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို ကျင်းပပေးနေရခြင်းဖြစ်ကြောင်း။

မြန်မာ့ အားကစားကဏ္ဍ တိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်အတွက် တပ်မတော်အနေဖြင့် တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံကျောင်းကို ၁၉၉၇-၁၉၉၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်ထိ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ စတင်ဖွင့်လှစ်ခဲ့ချိန်မှ ယနေ့ထိတိုင်အောင် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင် အားကစားသမားများသာမက မြန်မာ့ဂုဏ် ဆောင်နိုင်ခဲ့သည့် လက်ရွေးစင် အားကစားသမားများကိုပါ မွေးထုတ်နိုင်ခဲ့သည် အထိ အောင်မြင်မှုများရရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာ့အားကစားရွှေခေတ်လို့ဆိုရမည့် ကာလများမှာလည်း မိမိတို့တပ်မတော်သားများပါဝင်ပြီး အောင်မြင်မှုသရဖူဆောင်းခဲ့သည့် မှတ်တမ်းများကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အာရှအဆင့်တွင်သာမက ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများအထိ ဘောလုံး၊ ရေကူး၊ အလေးမ၊ လက်ဝှေ့စသည့် အားကစားနည်းများတွင် နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်ကို ဆောင်ကြဉ်းခဲ့ရုံသာမက မှတ်တမ်းများတစ်လျှောက် ယနေ့ထက်တိုင် သမိုင်းပုံရိပ်များအဖြစ် ထင်ကျန်နေဆဲဖြစ်ကြောင်း။

ယနေ့ ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် အားကစားနည်း ၁၂ မျိုးကို ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံ၏ရာဇဝင်သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက ကျန်းမာကြံ့ခိုင်သည့် လူမျိုးများအဖြစ် အများကလေးစားအားကျရလောက်သည် အထိ ကာယအား၊ ဉာဏအား ထွန်းပြောင်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဆန်ရေစပါးပေါများသည့် မိမိတို့နိုင်ငံတွင် စားသောက်နေထိုင်မှုများကို သဘာဝနှင့်အညီ နေထိုင်ကျင့်ကြံခဲ့ကြ၍ မိမိတို့၏ဘိုးဘေးဘီဘင်များ အသက်ရှည်ရှည် ကျန်းကျန်းမာမာနှင့် နေထိုင်နိုင်ခဲ့ကြကြောင်း၊ မိမိတို့၏ သန်စွမ်းကျန်းမာမှုများကို အလဟဿမဖြစ်စေဘဲ ကျရောက်လာသည့် သမိုင်းပေးတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေး တာဝန်များတွင် ကိုယ်ကျိုးမငဲ့ ထမ်းရွက်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အားကစားနှင့် ပတ်သက်၍ ရှေးဘုရင်များ အုပ်စိုးစဉ်အခါကပင် လှေသဘင်ပွဲ၊ မြင်းခင်းသဘင်ပွဲများ ကျင်းပခဲ့သည့်အစဉ်အလာများရှိခဲ့သည်ကို ၁၂ လရာသီ ပွဲတော်မှတ်တမ်းများအရ သိရှိကြရမည်ဖြစ်ကြောင်း၊ ဘာသာရေး၊ အမျိုးသားရေး၊ ရိုးရာယဉ်ကျေးမှုစသည့် အထိမ်းအမှတ်ပွဲတော်များကို ၁၂ ရာသီပတ်လုံး ကျင်းပခဲ့ကြသလို လှေသဘင်ပွဲနှင့် မြင်းခင်းသဘင်ပွဲမှတစ်ဆင့် တိုင်းပြည်ကာကွယ်ရေးအတွက် လိုအပ်သည့် စစ်သည်ရဲမက်သူရဲကောင်းရွေးချယ်ခြင်းများကိုလည်း ပြုလုပ်နိုင်ခဲ့ကြကြောင်း၊ တစ်နည်းအားဖြင့် ဉာဏပေါင်းစပ်ထားသည့် ကာယအားပြု အားကစားပြိုင်ပွဲများသည် နိုင်ငံတော်ကာကွယ်ရေးကို အထောက်အကူပြုစေရန် ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တပ်မတော်အနေဖြင့်လည်း ယနေ့အားကစားပြိုင်ပွဲအသီးသီးကို သတ်မှတ်ကာလများတွင် ကျင်းပစေပြီး ထူးချွန်သည့် အားကစားသမားများ ပေါ်ထွန်းလာစေရန် ရှေးအစဉ်အလာများနှင့်အညီ ဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ကြောင်း၊ တပ်ခွဲအဆင့်၊ တပ်ရင်းအဆင့်၊ တပ်မအဆင့်၊ တိုင်းအဆင့်တို့မှ တစ်ဆင့် တပ်မတော်ကိုယ်စားပြု အားကစားသမား တစ်ယောက်ဖြစ်လာခြင်းသည် နိုင်ငံ့လက်ရွေးစင် အားကစားသမား တစ်ယောက် ထပ်မံဖြစ်ပေါ်လာစေရန် အခွင့်အလမ်းကောင်းတစ်ရပ်ဟုလည်း ဆိုနိုင်မည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် အမျိုးသားရေး ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေဘဲ မျိုးဆက်သစ်များ ပေါ်ထွန်းစေရန် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများ ကျင်းပပေးခြင်း၊ အားကစားသမားကောင်းများ ပေါ်ထွက်အောင် အခုကဲ့သို့ (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့် နွေရာသီ ကျောင်းပိတ်ရက်ကာလများတွင် ကျောင်းသားလူငယ်များအတွက် ရေကြောင်း၊ လေကြောင်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းများသည် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာအောင် ဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း။

ထို့ပြင် အသင်းအုပ်ချုပ်သူများ၊ နည်းပြအဖွဲ့ဝင်များအနေဖြင့်လည်း အားကစားသမားရွေးချယ်ခြင်း ကိစ္စရပ်များတွင် အမှန်တကယ် ခြေစွမ်းခြေစရှိသူများကို ရွေးထုတ်ပေးကြရန်လိုပြီး အားကစားနှင့် မသက်ဆိုင်သည့် ပုဂ္ဂိုလ်ရေးများက တစ်ဆင့် ရွေးချယ်ခြင်း မပြုကြရန်နှင့် အသင်းတာဝန်ရှိသူများ၏ သစ္စာတရားကိုပြသကြရန် လိုအပ်မည်ဖြစ်ကြောင်း။

စစ်ပွဲတစ်ပွဲတွင် အင်အားနည်းခြင်း၊ များခြင်း၊ လက်နက်အင်အားသာလွန်ခြင်းများထက် တိုက်ပွဲဝင်လိုစိတ်ပြင်းပြမှုနှင့် အနိုင်မခံ အရှုံးမပေးစိတ်များကသာ ခေတ်အဆက်ဆက်တွင် ထိရောက်အောင်မြင်မှုရနေဆဲဖြစ်သည်ကို တွေ့ရှိရမည် ဖြစ်ကြောင်း၊ မကြာခင်က ကျင်းပပြီးစီးခဲ့သည့် ကမ္ဘာ့ဖလား ပြိုင်ပွဲကြီးတွင် အင်အားကြီး နာမည်ကျော်အသင်းကြီးများကို အကြောက်အရွံ့ကင်းမဲ့စွာ ယှဉ်ပြိုင်ကစားခဲ့ကြသည့် မျက်နှာသစ်ပြိုင်ပွဲဝင် နိုင်ငံငယ်အသင်းများကို တွေ့ရှိခဲ့ရကြောင်း။

မိမိတို့ထက် အစစသာလွန်သည့် အသင်းကြီးဖြစ်သော်လည်း အကြောက်တရား မထားဘဲ ဇွဲဟာမြောက် ကစားကွက်များနှင့် တုံ့ပြန်ကစားခဲ့သဖြင့် အသင်းကြီးအချို့ ရလဒ်မကောင်းခဲ့ကြသည်ကိုလည်း တွေ့မြင်ခဲ့ရကြောင်း၊ ၎င်းသည် အားကစားသမားများ၏ နိုင်ချင်စိတ်၊ အောင်မြင်ချင်စိတ် ရှိခြင်းကြောင့်ဟုလည်း ဆိုနိုင်မည်ဖြစ်ကြောင်း။

အားကစားပြိုင်ပွဲတွင် မိမိသာလျှင် "တော်သည်၊ တတ်သည်၊ ကောင်းသည်၊ မှန်သည်" ဆိုသည့် အစွဲသည် အသင်းအဖွဲ့တစ်ခုကို ထိခိုက်ပျက်စီးစေခြင်း၏ အစဖြစ်ကြောင်းကို အားလုံးသတိပြုကြရန်လိုကြောင်း၊ အသင်းလိုက်ကစားရသည့် ပြိုင်ပွဲများတွင် တစ်ဦးတစ်ယောက်အပေါ် လွန်ကဲစွာ မှီခိုခြင်းမပြုသင့်ကြောင်း အသိတရားတစ်ခုကို အားကစားပွဲများမှတစ်ဆင့် ရရှိစေပြီး အသင်းသားတိုင်း ညီညွတ်စုစည်းကြမှသာ အောင်မြင်မှု ရရှိမည်ဆိုသည်ကိုလည်း သင်ခန်းစာရရှိစေမည်ဖြစ်ကြောင်း၊ အဆိုပါသင်ခန်းစာများကို အားလုံးနားလည်သိရှိပြီး လိုက်နာကျင့်သုံးမည် ဆိုပါက အားကစားတွင်သာမက ဘဝလမ်းကြောင်းများတွင် အောင်မြင်မှုများ ရရှိကြမည်ဖြစ်ကြောင်းကို တိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာ့အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ အသီးသီးတွင် ယနေ့ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် အားကစားသမားများသည် သမိုင်းကြောင်းလှပခဲ့သည့် တပ်မတော် အားကစားပုံရိပ် ပြန်လည်မြင့်မားစေရေး အစွမ်းကုန်ယှဉ်ပြိုင်ကစားကြရန် လိုအပ်ကြောင်း။

မိမိအသင်းအတွက် အောင်မြင်မှုရရှိရန် ကြိုးစားသည့်နေရာတွင် အောင်ပွဲရရင်လည်း ပျော်သကဲ့သို့ အရှုံးကိုလည်း လက်ခံနိုင်သူများဖြစ်အောင်ကြိုးစားပြီး အားကစားသမားကောင်းစိတ်ဓာတ်ကို ပြသကြရန်၊ အားကစားကဏ္ဍ မြင့်တင်ခြင်းသည် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက ကာကွယ်စောင့်ရှောက်နေသည်ဆိုသည့် အမျိုးသားရေး ခံယူချက် အသိတရားမွေးမြူပြီး မလျှော့သော ဇွဲလုံ့လများနှင့် ကြိုးစားယှဉ်ပြိုင်ကြရန်၊ စည်းကမ်းကောင်းမွန်ပြီး စည်းလုံးညီညွတ်မှုရှိပါက မည်သို့သောပြိုင်ဘက်မျိုးကိုမဆို ရင်ဆိုင်ယှဉ်ပြိုင်ဝံ့သည် ဆိုသည့် အသိတရားတစ်ခုကိုလည်း ဘဝတစ်သက်တာလုံး လက်ကိုင်ထားပြီး လိုက်နာကျင့်သုံးသွားကြရန်၊ ရည်ရွယ်ချက်ကောင်းများနှင့် ကျင်းပပေးလျက်ရှိသည့် မိမိတို့၏ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲအသီးသီးမှတစ်ဆင့် ကိုယ်စီရှိထားကြသည့် အရည်အချင်းအသီးသီးကို ဖော်ထုတ်ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အားကိုးအားထားပြုရသည့် **စာမျက်နှာ ၁၀ သို့ ✧**

# နိုင်ငံတကာ အားကစား သတင်းများ

## ပေါ်တူဂီအသင်းက ဒိန်းမတ်အသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**လစ္စဘွန်း အောက်တိုဘာ ၂**

ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပေါ်တူဂီအသင်းနှင့် ဒိန်းမတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပေါ်တူဂီအသင်းက ဒိန်းမတ်အသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပေါ်တူဂီအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၁၃မိနစ်တွင် ကန်ဆယ်လို၊ ပွဲချိန် ၂၅မိနစ်တွင် ဝွန်ကာလိုရာမို့စ်၊ ပွဲချိန် ၆၇မိနစ်တွင် ဗီတင်ဟာ၊ ပွဲချိန် ၈၇မိနစ်တွင် ဂျာအိုဖီးလစ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ပေါ်တူဂီအသင်းသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ် ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၅ရက်တွင် နော်ဝေအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## နည်းပြ ကွီရော့ဇ်ကို ရာထူးမှ ဂါနာအသင်း ထုတ်ပယ်

**အက်ခရာ အောက်တိုဘာ ၂**

ဂါနာအသင်းသည် အသင်း ရလဒ်ဆိုးများကြောင့် နည်းပြ ကွီရော့ဇ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

ဂါနာအသင်းသည် အာဖရိကနိုင်ငံများဖလား ခြေစစ်ပွဲစဉ်တွင် နှစ်ပွဲဆက်တိုက် ရှုံးနိမ့်ခဲ့ခြင်းကြောင့် နည်းပြ ကွီရော့ဇ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။



နည်းပြ ကွီရော့ဇ်သည် ဂါနာအသင်းကို ၂၀၂၆ခုနှစ် ဧပြီ ၁၃ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၇ပွဲတွင် ၁ပွဲနိုင်၊ ၂ပွဲသရေ၊ ၄ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဂါနာအသင်း၏ ထုတ်ပြန်ချက်တွင် "နည်းပြ ကွီရော့ဇ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ပါပြီ။အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံး ခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)

### ယူအီးအက်ဖ်အေနေးရှင်းလိဂ် (အုပ်စုအဆင့်ပွဲစဉ်များ) နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ် |
|---|---|
| ၃-၁၀-၂၀၂၆ ည ၇း၃၀ နာရီ | ဖင်လန် - အယ်လ်ဘေးနီးယား |
| ၃-၁၀-၂၀၂၆ ည ၁၀း၃၀ နာရီ | ခရိုအေးရှား - အင်္ဂလန် |
| " | ဘီလာရုစ် - ဆန်မာရီနို |
| " | အက်စတိုးနီးယား - လူဇင်ဘော့စ် |
| " | အိုက်စလန် - ဘူလ်ဂေးရီးယား |
| ၄-၁၀-၂၀၂၆ နံနက် ၁း၁၅ နာရီ | စပိန် - ချက် |
| " | မြောက်မက်ဆီဒိုးနီးယား - စကော့တလန် |
| " | ဆွစ်ဇာလန် - ဆလိုဗေးနီးယား |

### ဗီဟာအာရှဖလား (အုပ်စုရှုံးထွက်အဆင့်ပွဲစဉ်) နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ် |
|---|---|
| ၃-၁၀-၂၀၂၆ ညနေ ၄း၃၀ နာရီ | ဟောင်ကောင် - ကမ္ဘောဒီးယား |

### နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ် |
|---|---|
| ၃-၁၀-၂၀၂၆ ည ၈း၃၀ နာရီ | အိန္ဒိယ - ဘာရိန်း |
| ၃-၁၀-၂၀၂၆ ည ၉း၃၀ နာရီ | ရုရှား - နမီးဘီးယား |
| ၄-၁၀-၂၀၂၆ နံနက် ၆း၃၀ နာရီ | အာဂျင်တီးနား - ဘာဂီနာဖာဆို |
| ၄-၁၀-၂၀၂၆ နံနက် ၈း၃၀ နာရီ | အမေရိကန် - မက္ကဆီကို |

## ကီဗင်ရှိတ်ဒ်ကို ခေါ်ယူရန် မန်ယူနှင့် လီဗာပူးတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် အောက်တိုဘာ ၂**

ပရီးမီးယားလိဂ်ကလပ် အသင်းများဖြစ်သည့် မန်ယူ အသင်းနှင့် လီဗာပူးအသင်းတို့သည် ဘရန့်ဖို့ဒ်အသင်း တိုက်စစ်မှူး ကီဗင်ရှိတ်ဒ်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၈ပွဲကစားပြီး ၂၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဘရန့်ဖို့ဒ်အသင်းကလည်း ကီဗင်ရှိတ်ဒ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (အောက်ပုံ)

ထို့ကြောင့် မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့အနေဖြင့် ဘရန့်ဖို့ဒ်အသင်းထံမှ ကီဗင်ရှိတ်ဒ်ကို မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)




## တိုမီနေး နာပိုလီအသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိ

**တူရင် အောက်တိုဘာ ၂**

နာပိုလီအသင်း ကွင်းလယ်ကစားသမား တိုမီနေးသည် နှလုံးကို အသေးစားခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ပြီးနောက် ပြန်လည်သက်သာလာကာ အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိပြီဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် စက်တင်ဘာ ၈ ရက်က နှလုံးခုန်နှုန်းမမှန်မှုကြောင့် အသေးစားခွဲစိတ်မှု ပြုလုပ်ခဲ့ပြီး လက်ရှိအချိန်တွင် ပြန်လည်သက်သာလာကာ နာပိုလီအသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းနိုင်ခဲ့ပြီဖြစ်သည်။

ကွင်းလယ်ကစားသမား တိုမီနေးသည် ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် နာပိုလီအသင်းအတွက်လည်း အားတက်စရာဖြစ်လာခဲ့သည်။

အသက်(၂၉)နှစ် အရွယ်ရှိ တိုမီနေးသည် နာပိုလီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၂ပွဲကစားပြီး ၂၇ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(အောက်ဝဲပုံ) (NGB)




## စက်တင်ဘာလအတွက် စပိန်လာလီဂါ အကောင်းဆုံး လူငယ်ကစားသမားဆုကို ဇာဘီရီ ဆွတ်ခူး

**မက်ဒရစ် အောက်တိုဘာ ၂**

စပိန်လာလီဂါမှ လစဉ်လတိုင်း ပေးအပ်ချီးမြှင့်လျက်ရှိသော စက်တင်ဘာလအတွက် တစ်လတာ အကောင်းဆုံး လူငယ်ကစားသမားဆုကို ရေးဆင်းအသင်းတိုက်စစ်မှူး ဇာဘီရီက ဆွတ်ခူးခဲ့သည်။



အသက်(၂၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ရေးဆင်းအသင်းနှင့်အတူ စပိန်လာလီဂါပွဲစဉ် လေးပွဲကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

စပိန်လာလီဂါသည် ယခု အကောင်းဆုံးလူငယ်ကစားသမားဆုကို အသက် ၂၃နှစ်အောက် ကစားသမားများထဲမှ ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဇာဘီရီသည် ရေးဆင်းအသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ခြောက်ပွဲ ကစားပြီး ခြောက်ဂိုး သွင်းယူထားသည်။

(အပေါ်ပုံ) (NGB)

## ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကစားသမားဘဝမှ အနားယူဖွယ်ရှိကြောင်း ဂျီရူး ပြောကြား

**ပါရီ အောက်တိုဘာ ၂**

ပြင်သစ်လက်ရွေးစင်အသင်းနှင့် လိုင်လီအသင်းတိုက်စစ်မှူး ဂျီရူးက မိမိအနေဖြင့် ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကစားသမားဘဝမှ အနားယူဖွယ်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ (ယာပုံ)




အဆိုပါ တိုက်စစ်မှူးသည် နိုင်ငံအသင်းဖြစ်သည့် ပြင်သစ်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၁ မှ ၂၀၂၄ ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၁၃၇ပွဲကစားကာ ၅၇ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ကလပ်အသင်းဖြစ်သည့် လိုင်လီအသင်းနှင့်လည်း ၂၀၂၅-၂၀၂၆ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၅၀ ကစားကာ ၁၂ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

အသက်(၄၀)နှစ်အရွယ်ရှိ ဂျီရူးက "ကျွန်တော် ယခုနှစ် ဘောလုံးရာသီအကုန်မှာ ကစားသမားဘဝကနေ အနားယူတော့မှာပါ။ ကစားသမားဘဝက အနားမယူခင်အချိန်အတွင်းတော့ ဆုဖလားတွေ ရယူသွားလိုပါတယ်"ဟု ပြောသည်။ (NGB)

### ဘောလုံးသတင်းအတိုအထွာများ

* ဘာစီလိုနာအသင်းသည် မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဥရောပ အမျိုးသမီး ချန်ပီယံလိဂ် အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘီအက်စ်ဂျီအသင်းက ဟဲဗာလီလူးဗင်အသင်းကို ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ (NGB)

## 2026 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ အောက်တိုဘာ ၇ ရက်တွင် စတင်မည်

**ရှန်ဟိုင်း အောက်တိုဘာ ၂**

တရုတ်နိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲကို လာမည့်အောက်တိုဘာ ၇ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်မှ ၁၉ ရက်အထိ ၁၃ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ မိုနာကိုတင်းနစ်ကစားသမား Valentin Vacherot ဖြစ်သည်။

(အောက်ပုံ) (NGB)



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် အာဆီယံ အပေါင်းသုံး အရေးပေါ်ဆန်ရိက္ခာ(APTERR) အစီအစဉ်-၃(၂၀၂၅)အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ဆန်(၁၆၃ ဒသမ ၈၇၇)တန်အား စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး အောက်တိုဘာ ၂**

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်ရိက္ခာ(APTERR) အစီအစဉ်-၃ (၂၀၂၅)အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့် ပြည်သူများထံ ထောက်ပံ့ရန်လှူဒါန်းသော ဆန် (၁၆၃ ဒသမ ၈၇၇)တန်အား မန္တလေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာ Dr.Choomjet Karnjanakesorn နှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဇော်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းထိန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် APTERR အဖွဲ့အစည်းသည် အာဆီယံဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးကို အာမခံရန်အတွက် အရေးကြီးသော ယန္တရားတစ်ခုဖြစ်ပါကြောင်း၊ APTERR အစီအစဉ်-၃(၂၀၂၂)တွင် စတင်ပါဝင်ခဲ့ရာ ယခု(၂၀၂၅)အထိ ရှိခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆန်ထောက်ပံ့မှုကိစ္စသည် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရသည့်အခါ အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှုနှင့် အပြန်အလှန်ကူညီမှုဖြစ်ပါကြောင်း၊ လှူဒါန်းသည့်ဆန်များကို တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့် ပြည်သူများအတွက် လိုအပ်နေသူများထံ လက်ဝယ်အရောက်ပေးအပ်နိုင်ရေး အကောင်းဆုံးစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ယခုလို ကူညီပံ့ပိုးပေးမှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာ Dr.Choomjet Karnjanakesornနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဇော်တို့က လှူဒါန်းမှုနှင့် ပတ်သက်၍ ပြောကြားခဲ့ကြသည်။

ဆက်လက်၍ အာဆီယံ အပေါင်းသုံး အရေးပေါ်ဆန်ရိက္ခာ



(APTERR) အစီအစဉ်-၃ (၂၀၂၅)အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသောဆန် (၁၆၃ ဒသမ ၈၇၇)တန်အား တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ APTERRအတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာက ရေဘေးသင့်ပြည်သူတစ်ဦးထံသို့ လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာထံသို့ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ပြီးနောက် ရေဘေးသင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းနှင့် အဆိုပါ လှူဒါန်းသော ဆန်အိတ် (၁၆၃ ဒသမ ၈၇၇)တန် (50Kg အိတ်အရေအတွက် ၃၂၇၇အိတ်)ကို ခရိုင်၊ မြို့နယ်များမှ တစ်ဆင့် စနစ်တကျ ခွဲဝေပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# စားသုံးသူကာကွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ (MRCCI)တွင် ကျင်းပ

**မန္တလေး အောက်တိုဘာ ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက အများပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားနှင့် တိုက်ရိုက်သက်ဆိုင်နေသည့် စားသုံးသူကာကွယ်ရေးဥပဒေကို ခေတ်စနစ်နှင့် လျော်ညီပြီး လက်တွေ့ကျင့်သုံးရာတွင် ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်ရန်အတွက် ရည်ရွယ်၍ စားသုံးသူကာကွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ရတနာပုံစုပါစင်တာ(၄)လွှာရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု၊ လက်မှု လုပ်ငန်းရှင်များ အသင်း (MRCCI)တွင် ကျင်းပသည်။

ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးသိန်းဌေး၊ စားသုံးသူရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်၊ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇေယျာဆွေနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်လတ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ၌ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုဥပဒေ(မူကြမ်း)သည် အများပြည်သူစိတ်ဝင်စားပြီး ကျယ်ပြန့်စွာဆွေးနွေးရန် လိုအပ်ခြင်းကြောင့် အချိန်ယူဆောင်ရွက်သင့်သော ဥပဒေ(မူကြမ်း)တစ်ရပ်ဖြစ်ပါကြောင်း၊ ဥပဒေပြင်ဆင်ချက်များကိုမူ စားသုံးသူများ၏ အသက်အန္တရာယ်ဘေးကင်းလုံခြုံရေးကို ပိုမိုခိုင်မာစွာ အကာအကွယ်ပေးနိုင်ရန်၊ လုပ်ငန်းရှင်များဘက်မှလည်း စံချိန်စံညွှန်းပြည့်မီသော ကုန်စည်နှင့် ဝန်ဆောင်မှုများကိုသာ ဖြန့်ဖြူးရန်၊ တာဝန်ယူမှုမြင့်မားလာစေရန်နှင့် ဈေးကွက်အတွင်း တရားမျှတသောယှဉ်ပြိုင်မှု မူဘောင်တစ်ရပ် ဖြစ်ပေါ်လာစေရန် အဓိကဦးတည်ပြီး ဆွေးနွေးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် စားသုံးသူရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်က စားသုံးသူကာကွယ်ရေးလုပ်ငန်းစဉ်များကို ပိုမိုထိရောက်အောင်မြင်စေရန်အတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူရေးရာ ကျွမ်းကျင်ပညာရှင်များမှ ဥပဒေပြင်ဆင်မှုအပေါ် လိုအပ်ချက်များနှင့် အပြုသဘောဆောင်သည့် အကြံပြုချက်များကို ပွင့်လင်းမြင်သာစွာဖြင့် ဝိုင်းဝန်းဆွေးနွေးသွားကြရန်တို့ကို ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် စားသုံးသူကာကွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထက်ဝင်းအောင်က ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း၊ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းအကြံပြုဆွေးနွေးခဲ့ကြောင်း၊ ဥပဒေ(မူကြမ်း) အပေါ် အကြံပြုဆွေးနွေးချက်များနှင့် ဖော်ထုတ်ချက်ရလဒ်များကို ဖော်ထုတ်တင်ပြခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**



# အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ ကျင်းပ ဘိုးဘွားများအား ကန်တော့ငွေနှင့် အစားအသောက်များ ပေးအပ်

**မန္တလေး အောက်တိုဘာ ၂**

၂၀၂၆ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက် ၁၀ နာရီက စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသရှိ မင်းကွန်းဗုဒ္ဓဘာသာ ဘိုးဘွားရိပ်သာတွင် ကျင်းပရာ မင်းကွန်းဗုဒ္ဓဘာသာဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ သုခမ္မမဏ်ဇောတာရေ ဦးချစ်ထွန်းက အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ဘိုးဘွားများ သက်ရှည်ကျန်းမာစေရေး ဆုတောင်းစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် မင်းကွန်းဗုဒ္ဓဘာသာဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီမှ ဘိုးဘွားရိပ်သာတွင် နေထိုင်ကြသော အဘိုး ခုနစ်ဦးနှင့် အဘွား ၄၂ ဦးတို့အား အစားအသောက်များနှင့် အဝတ်အထည်များကိုလည်းကောင်း၊ မန္တလေးမြို့မှ အလှူရှင် ထာဝရဝိန့်စိန် ရွှေဆိုင်မိသားစုက ကန်တော့ငွေများကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝ၄၅)**



# Thai Expo Mandalay 2026 ပြပွဲ မန္တလေးကွန်ဗင်းရှင်းစင်တာတွင် ကျင်းပ

**မန္တလေး အောက်တိုဘာ ၂**

Thai Expo Mandalay 2026 ပြပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ (Mandalay Convenation Center- MCC) တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးသိန်းဌေး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့(MYANTRADE) မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)ဥက္ကဋ္ဌ ဦးတင်လတ်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ Anida Intertech Co., Ltd. မန်နေဂျင်းဒါရိုက်တာနှင့်ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ၏ ဂုဏ်ထူးဆောင်ကိုယ်စားလှယ် Ms.Taraya Pattarattiranon နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ထိုင်းယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်၍ Thai Expo Mandalay 2026 Video Clip ကို ပြသခဲ့သည်။

အခမ်းအနား၌ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက အဖွင့်အမှာစကားကိုလည်းကောင်း၊ Thai Expo Mandalay 2026 ပူးတွဲစီစဉ်သူ Mr.Thana-korn Sungkharatက ကြိုဆိုနှုတ်ခွန်းဆက်စကားကိုလည်းကောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့(MYANTRADE) ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ Thai Expo Mandalay 2026 ပူးတွဲစီစဉ်သူတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ပြီးနောက် အခမ်းအနားကို ဝန်ကြီးနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ခင်းကျင်းရောင်းချနေသည့် ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

Thai Expo Mandalay 2026 ပြပွဲတွင် ဆိုင်ခန်းပေါင်း ၁၃၀ ကျော် ပါဝင်ကာ အောက်တိုဘာ ၂ ရက် မှ ၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း၊ ထိုင်းနှင့်မြန်မာထုတ်ကုန်များအပြင် နိုင်ငံတကာမှ အရည်အသွေးမြင့်ထုတ်ကုန်များကို ချိုသာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ထိုင်းနိုင်ငံရှိ International ဆေးရုံ၊ ဆေးခန်းများနှင့် ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို တစ်နေရာတည်း၌ လေ့လာနိုင်ကြောင်းနှင့် နေ့စဉ်နိုင်ငံကျော် သရုပ်ဆောင်များ၊ အဆိုတော် များ၊ မော်ဒယ်များ၊ ထိုင်းရိုးရာအကများဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)




# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စု နယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်တပ်ကျေးရွာအုပ်စု၊ သပြေပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉၇ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သပြေပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၀ ဦးကို ငွေကျပ် ၁၉၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၄၈သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၁၉ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် သိန်း ၃၀၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ငါးသိန်း၊စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နော်လူး



# မန္တလေး၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**မန္တလေး အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေး၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့်ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၃၈)

# ပန်းချီကျော်နိုင်၏ စိတ်ကူးအဟောင်းများ တစ်ကိုယ်တော်ပန်းချီပြပွဲ ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၂**

Cubism ပန်းချီပုံစံကို အားသန်ပြီး ပန်းချီကားတစ်ကားရေးဆွဲရန် လပေါင်းများစွာ အချိန်ယူလေ့ရှိသည့် ပန်းချီကျော်နိုင်၏ 'စိတ်ကူးအဟောင်းများ' တစ်ကိုယ်တော်ပန်းချီပြပွဲကို မန္တလေးမြို့တွင် အောက်တိုဘာ ၃ ရက် မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပန်းချီကျော်နိုင်သည် ပန်းချီကားများကို အရောင်၊ အလင်းအမှောင်နှင့် အသေးစိတ်အချက်များကို သေချာတွက်ချက်ရေးဆွဲလေ့ရှိပြီး ၎င်း၏ ခံစားချက်နှင့် ဝေဒနာများကို ပန်းချီကားများအတွင်း ထည့်သွင်းဖော်ပြလေ့ရှိသည့် ပန်းချီဆရာတစ်ဦးဖြစ်သည်။

ယခု 'စိတ်ကူးအဟောင်းများ' ပြပွဲတွင် ပန်းချီဆရာ၏ အတွေးဟောင်းများအတွင်းမှ ဒဏ်ရာ၊ ဝေဒနာ၊ မျှော်လင့်ခြင်းနှင့် လွမ်းဆွတ်ခြင်းများကို မင်းကွန်းဒေသတစ်ဝိုက်၏ နောက်ခံအကြောင်းအရာများဖြင့် စီးရီးလိုက် ဖန်တီးတင်ဆက်ထားသည်။

ပြပွဲကို အောက်တိုဘာ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ မန္တလေးမြို့ တံခွန်တိုင်အဝိုင်းအနီး Garden City Apartment အတွင်းရှိ သီရိပစ္စယာအနုပညာပြခန်း၌ ကျင်းပမည်ဖြစ်ပြီး မည်သူမဆို လွတ်လပ်စွာ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

ရွှေမန်း




# အခမ်းအနားမှူးသင်တန်း ဖွင့်လှစ်ပို့ချ

**မကွေး အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး အစည်းဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းစောဥမ္မာဝင်းက အဖွင့်အမှာစကားပြောကြားကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်နုက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားမှူးတစ်ဦးတွင် ရှိရမည့် အရည်အချင်းများ၊ သတ္တိ၊ သတိ၊ အသိတရားနှင့် ဆောင်ရန်၊ ရှောင်ရန်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။



အဆိုပါ သင်တန်းတွင် ခန်းမအတွင်းနှင့် ခန်းမပြင်ပ အခမ်းအနားများ ဆောင်ရွက်ရာ၌ အခမ်းအနားမှူးတစ်ဦး၏ တာဝန်ဝတ္တရားများ၊ မှားယွင်းလေ့ရှိသည့် သဒ္ဒါအထားအသိုနှင့် အသုံးအနှုန်းများ၊ ရုပ်ပိုင်းဆိုင်ရာ ပြင်ဆင်မှု၊ ဝတ်စားဆင်ယင်မှု၊ ကြိုတင်ပြင်ဆင်မှုများ၊ ဆောင်ရန်၊ ရှောင်ရန်များနှင့် အသံပိုင်းဆိုင်ရာ မိုက်ခရိုဖုန်းအသုံးပြုမှုများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။

ထို့နောက် သင်တန်းသူများအား မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်အိအိထွန်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ အဆိုပါ သင်တန်းသို့ ဌာနဆိုင်ရာများမှ ဝန်ထမ်းသင်တန်းသူ ၃၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မောင်စိုင်မင်း(ပြန်/ဆက်)

# ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစကြစို့

လူသားများနေထိုင်ရာ ကျွန်ုပ်တို့ကမ္ဘာမြေကြီးကား ပိုးကိုက်ခံထားရသော သစ်သီးတစ်လုံးနှယ် ဒဏ်ရာအနာတရများဖြင့် ဆုတ်ယုတ်ပျက်စီးနေလျက်ရှိပါသည်။ အချိန်မီ မကုစားပါက ဆိုးဝါးသော အန္တရာယ်များကို ပိုမိုခံစားရမည်မှာ မလွဲပေ။ လူသားများက အရှည်အသွေး ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကောင်း တစ်ခုအတွက် ရေရှည်တည်တံ့မည့် သဘာဝအရင်းအမြစ်များကို မျှော်လင့်လျက်ရှိပါသည်။ လူသားများ၏ ပယောဂကြောင့် ဖြစ်ပေါ်လာခဲ့သည့် ရာသီဥတု ပူနွေးလာမှုနှင့် အစွန်းရောက်မိုးလေဝသရာသီဥတုဖြစ်စဉ်များ၊ သဘာဝဘေးများကို ကြံ့ကြံ့ခံ ကျော်လွှားရန်အတွက် လူသားများနေထိုင်ရာ နေအိမ်များရှိ လူသားများက နီးကြားတက်ကြွသည့် ခြေလှမ်းများဖြင့် စပေါင်းကာကွယ်ကြရမည်သာ ဖြစ်ပါသည်။

လူသားများ၏ နေအိမ်သည် ကမ္ဘာကြီးပင်ဖြစ်ပါသည်။ ကမ္ဘာကြီးတွင် နေရာအနှံ့အပြားကွဲပြားခြားနားစွာနေကြသော်လည်း လူသားများ ကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်များကိုမူ ညီမျှစွာ ခံစားနေရဆဲဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုပြဿနာသည် လူသားတို့ အားလုံးဖြေရှင်းရမည့် ပြဿနာများဖြစ်နေ၍ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကြီးအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများမှ ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်တုံ့ပြန်နိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်မှာ အားရကျေနပ်ဖွယ်ရာ ကောင်းလှပါသည်။

လူသားအားလုံး၏ဆန္ဒမှာ ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း၊ အေးချမ်းသာယာခြင်းတို့ကို အစဉ်လိုလားကြသူများဖြစ်ပါသည်။ သို့သော်လည်း ၁၈ ရာစုနှင့် ၁၉ ရာစုအတွင်း ထွန်းကားခဲ့သော စက်မှုတော်လှန်ရေးကြောင့် ရေနွေးငွေ့အင်ဂျင်များပေါ်ပေါက်ခဲ့ပြီး သယ်ယူပို့ဆောင်ရေးပုံစံများလည်း ပြောင်းလဲသွားခဲ့သည်။

ကမ်းပြိုလျှင် သောင်များဖြစ်ထွန်းတတ်သကဲ့သို့ လေထုနှင့်အတူတွဲ၍ ပါလာသော ကာဗွန်မိုနောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက်၊ အိုဇုန်းဓာတ်ငွေ့၊ ခဲသတ္တု၊ နိုက်ထရိုဂျင်အောက်ဆိုက်နှင့် ဒြပ်စင်အမှုန်များမှာ လေထုတွင် ပျံ့လွင့်ကာ လေထုညစ်ညမ်းပြီး ဖန်ခံအိမ် အာနိသင်ကို ဖြစ်စေကာ လူသားတို့၏ ကျန်းမာရေးကိုထိခိုက်စေပါသည်။

အဆုတ်ရောဂါ၊ အသည်းရောဂါ၊ ဦးနှောက်သွေးကြောပြတ်ခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်ပွားကာ နှစ်စဉ်လူဦးရေ ၇ သန်းခန့်မှာ အရွယ်မတိုင်မီ သေဆုံးနေကြသည်။ ကမ္ဘာ့လူဦးရေ၏ ၉၉ ရာခိုင်နှုန်းမှာလည်း အရည်အသွေးညံ့ဖျင်းသော လေကိုရှူရှိုက်ကာ လူ ကိုးဦးတွင် တစ်ဦးမှာသေဆုံးကြရသည်။

မိုးခေါင်ခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းဖြစ်ပွားခြင်း၊ ငလျင်လှုပ်ခြင်းမှာ သဘာဝဘေးအန္တရာယ်၏ အဖြစ်များသော လက္ခဏာများပင်ဖြစ်ပါသည်။ ကမ္ဘာကြီးပူနွေးမှုကြောင့် အာဖရိက အနောက်ပိုင်းဒေသများတွင် မိုးခေါင်သည့်နှစ်များ နှစ်ဆတိုးလာပြီး တောင်ပစိဖိတ်ဒေသတွင် အယ်လ်နီညို (ELNino) (ပစိဖိတ်သမုဒ္ဒရာ၏ အီကွေတာဒေသ အရှေ့ပိုင်းဒေသတွင် ပုံမှန်မဟုတ်သော ပင်လယ်ရေမျက်နှာပြင်ပူနွေးလာမှု)ဖြစ်လာမှုကြောင့် အာရှဒေသ၌ပါ မိုးခေါင်လာသည်။

ရာသီဥတုအပူချိန်တိုးလာမှုကြောင့် တောမီးလောင်ကာ သစ်ပင်သစ်တောများလည်း ဆုံးရှုံးရသည်။

၁၉၅၀ ပြည့်နောက်ပိုင်း ကမ္ဘာပေါ်တွင် နှစ်စဉ် မီးတောင်(၃၁)လုံးပေါက်ကွဲလေ့ရှိသဖြင့် မီးတောင်နှင့် မိုင်(၆၀)အကွာရှိ (၈၆)နိုင်ငံသော ပြည်သူများမှာ စိုးရိမ်ကြသည်။

မီးတောင်ပေါက်ကွဲသည့်အတွက် မြေထု၊ ရေထုညစ်ညမ်းခြင်း၊ စိုက်ပျိုးသီးနှံများဆုံးရှုံးခြင်း၊ လေထုညစ်ညမ်းခြင်း၊ မီးတောင်မီးခိုးတိမ်များကြောင့် နိုင်ငံတကာလေကြောင်း သွားလာမှုကို အနှောင့်အယှက်များဖြစ်စေပါသည်။

ရေကြီးခြင်းမှာလည်း ရာသီဥတုပူနွေး၍ နှင်းခဲများ၊ ပင်လယ်ရေခဲပြင်များပျော်လာ၍ ဖြစ်ပါသည်။ ပင်လယ်ရေမျက်နှာပြင်မှာ ယခင် ၃ဒသမ ၃မီတာမှ ၂၀၁၀ပြည့်နှစ်မှစ၍ တစ်နှစ်လျှင် ပျမ်းမျှ ၄ဒသမ ၄မီတာသို့ မြင့်တက်လာခဲ့သည်။ ဝင်ရိုးစွန်းတွင်နေထိုင်သော ဝက်ဝံများမှာ အစာရှားပါးခြင်းနှင့်ကြုံတွေ့ကာ လူသားနှင့် တောရိုင်းတိရစ္ဆာန်တို့၏ပဋိပက္ခများလည်းဖြစ်ပွားလာသည်။ ရာသီဥတုပူနွေးမှုကား ဘေးအန္တရာယ်များစွာကိုဖြစ်စေသည်။

အမျိုးသားနှင့်နှင့် ရေခဲအချက်အလက်စင်တာ၏ ထုတ်ပြန်ချက်အရ ပင်လယ်ရေခဲ ပမာဏမှာ ယခင်ကထက် ဆယ်ပုံတစ်ပုံသာကျန်ရှိကြောင်း သိရသည်။ ကမ္ဘာမြေပြင်၏ ၇၁ ရာခိုင်နှုန်းသည် ရေများဖုံးလွှမ်းလျက်ရှိသော်လည်း ကမ္ဘာ့ရေထုစုစုပေါင်း၏ ၉၇ ဒသမ ၅ ရာခိုင်နှုန်းသည် ပင်လယ်ဆားငန်ရေများဖြစ်နေသည်။ ပင်လယ်ရေမြင့်တက်မှုကြောင့် ကမ်းရိုးတန်းဒေသရှိ ပြည်သူများအတွက် ရေကြီးခြင်း၊ မြို့များမှာ ရေမြုပ်နိုင်ခြင်းသာမက မိုးရွာသွန်းမှုများပြားမှုကြောင့်လည်း မြစ်ရေတိုးလာသည်။

မြစ်ရေကြီးမှုကြောင့် မြန်မာနိုင်ငံ ဧရာဝတီတိုင်းဒေသကြီးရှိ လေးမျက်နှာမြို့မှာ တာတမံကျိုးပေါက်ကာ ရေလွှမ်းမှုဒဏ်ကို ခံစားရပါသည်။ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်မြို့များသို့ ရေလွှမ်းမှုခံစားရသည်မှာ သဘာဝ ဘေးဒဏ်များ၏ အကျိုးဆက်များပင်ဖြစ်ပါသည်။

ရာသီဥတု ဆိုးကျိုးအကျိုးဆက်အများဆုံး ခံစားရသောနိုင်ငံများအဖြစ် ၂၀၁၉ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်တွင် ပေါ်တိုရီကို မြန်မာနိုင်ငံနှင့်ဟေတီနိုင်ငံတို့ကိုလည်း Global Climate Risk Index 2021တွင် ရေးသားဖော်ပြထားသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကြောင့် ရေကြီးခြင်း၊ မုန်တိုင်းဝင်ရောက်ခြင်းဖြစ်စေသည့်အပြင် ဒီရေတောများနှင့် သစ်တောများကဲ့သို့ ဂေဟစနစ်များကိုလည်း ဆုံးရှုံးစေပါသည်။ ဂေဟစနစ်ဆိုသည်မှာ ပတ်ဝန်းကျင်တစ်ခုတွင် နေထိုင်သော လူအပါအဝင်သက်ရှိမျိုးစိတ်အားလုံးသည် တစ်စုတစ်ပေါင်းတည်းနေထိုင်ကြပြီး ၎င်းတို့၏ သက်မဲ့ပိုင်းဆိုင်ရာပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင်ညှိနှိုင်းနေထိုင်ခြင်း (Ecosystem) ဖြစ်ပါသည်။ ဂေဟစနစ်ထိမ်းသိမ်းပေးမှသာ ကမ္ဘာကြီးတည်မြဲမည်ဖြစ်သည်။

သစ်တောဂေဟစနစ်၊ မြက်ခင်းဂေဟစနစ်၊ တန်ဒြာရေခဲပြင်ဂေဟစနစ်နှင့် သဲကန္တာရ ဂေဟစနစ်များကိုထိမ်းသိမ်းပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးနိုင်ပါသည်။

သို့သော် ဂေဟစနစ်များဆုံးရှုံးခဲ့သောကြောင့် ကမ်းရိုးတန်းရှိသော မြန်မာနိုင်ငံသို့ မုန်တိုင်းများမကြာခဏဝင်ရောက်လေ့ရှိသည်။ မုန်တိုင်းများကို စောင့်ကြည့်ခြင်းသည် လူသားတို့အား သဘာဝဘေးဒဏ်မှ ဆိုးဆိုးဝါးဝါးမခံစားရစေရန် ကာကွယ်ပေးခြင်းလည်းဖြစ်သည်။

ထိုသို့စောင့်ကြည့်နေသည့်ကြားမှ ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ဂီရိမုန်တိုင်းကြီးမှာ ကမ်းခြေဝင်ခါနီးတွင် ရုတ်တရက်အားကောင်းလာခဲ့သည်။ အားကောင်းသော မိုးတိမ်တောင်ကြီးများ၊ မိုးသက်လေပြင်းများ၊ လေဆင်နှာမောင်း တိုက်ခတ်ခြင်း၊ စိုက်ဆင်းလေပြင်းတိုက်ခတ်ခြင်းများဖြစ်ပွားခဲ့သဖြင့် အသက်ဆုံးရှုံးမှုများကြုံခဲ့ရပါသည်။

နာဂစ်မုန်တိုင်းကြောင့်လည်း လူ၊ တိရစ္ဆာန်၊ အဆောက်အဦများပျက်စီးဆုံးရှုံးခဲ့ရသည်။ မုန်တိုင်းများကြောင့် လူ့၏အသက်၊အိုးအိမ်၊စည်းစိမ်များကို နစ်နာဆုံးရှုံးစေပါသည်။ ဆိုင်ကလုန်းမုန်တိုင်းများ မကြာခဏ ကျရောက်တတ်သော ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် ကြိုတင်ကာကွယ်မှုများ၊ သတိပေးမှုများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကိုယ်စား ဘင်္ဂလားပင်လယ်အော်နိုင်ငံများမှ မုန်တိုင်းဆိုင်ရာ ခန့်မှန်းချက်များ၊ သတင်း၊ အကြံပြုချက်များ ထုတ်ပြန်ပေးလျက်ရှိခြင်းဖြင့် သဘာဝဘေးဒဏ်ကြောင့် လူသားများအသက်မဆုံးရှုံးစေရန် ကာကွယ်ပေးလျက်ရှိပါသည်။

သို့ဖြစ်၍ မုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန် ဒီရေတောများစိုက်ပျိုးခြင်းဖြင့် မုန်တိုင်းကာ တံတိုင်းကြီးရှိရန်လိုနေပါသည်။ ဒီရေတောများမှာ နာဂစ်မုန်တိုင်းကြောင့် ပျက်စီးခဲ့ရပါသည်။ ဂေဟစနစ်လည်း ပျက်စီးခဲ့သောကြောင့် သောက်သုံးရေအပါအဝင် စိုက်ပျိုးရေများကိုပါမကျန် စနစ်တကျစီမံခန့်ခွဲခြင်း၊ လျှပ်စစ်မီးသုံးစွဲရာတွင်ချွေတာခြင်း၊ လျှပ်စစ်ပစ္စည်းများကို ကြာမြင့်စွာ သုံးစွဲခြင်းမှရှောင်ကြဉ်ခြင်း၊ နှစ်ရှည်ခံသစ်ပင်များစိုက်ပျိုးခြင်းဖြင့် ဂေဟစနစ်ကိုပြန်လည်ရှင်သန်လာစေမည်ဖြစ်ပါသည်။

ကမ္ဘာ့လူသားတို့သည် လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းကျော်မှစ၍ စိုက်ပျိုးရေးလုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့ကြပါသည်။ သစ်ပင်သစ်တောဇီဝမျိုးစုံတို့မှာ အပြန်အလှန် အမှီသဟဲပြုနေထိုင်ကြသောကြောင့် ဂေဟစနစ်ကြီးမှာကောင်းမွန်ခဲ့ရပါသည်။

သို့သော် ကမ္ဘာကြီးတွင် လူသားများမှာ နှစ်စဉ်တိုးပွားလာပြီး စည်းကမ်းမဲ့ နေထိုင်ခဲ့ကြသောကြောင့် ဂေဟစနစ်များမှာ တစ်စတစ်စ ယိုယွင်းပျက်စီးလာရပါသည်။ လူသားများအတွက် အောက်ဆီဂျင်၊ အသီးအနှံ၊ သစ်ပင်ရိပ်နှင့် နေအိမ်ဆောက်ရန်သစ်သားများ၊ ရေချိုများနှင့် မုန်တိုင်းဒဏ်ကိုကာကွယ်ပေးနေသော သစ်ပင်များမှာလူသားများကြောင့်ပင် ခုတ်လှဲဖျက်ဆီးခံခဲ့ရသည်။ လွန်ခဲ့သော ၂၅ နှစ်တွင်ရှိသော သစ်တောဧရိယာစတုရန်းမိုင် ၅၀၂၀၀ လျော့နည်းသွားခဲ့ခြင်းဖြင့် ကမ္ဘာကြီး၏ အပူချိန်မှာလည်း သိသာစွာတိုးလာခဲ့သည်။ ထိုဆုံးရှုံးသော အရွယ်အစားမှာ တောင်အာဖရိကတိုက်ထက်ပင် ကြီးမားနေသည်။

သစ်တောသစ်ပင်များသည် ကမ္ဘာမြေအတွက် လိုအပ်သော အောက်ဆီဂျင်ပမာဏ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကိုထုတ်လွှင့်ကူညီပေးလျက်ရှိပါသည်။

ကြီးထွားအရွယ်ရောက်သော သစ်ပင်တစ်ပင်သည် နေ့စဉ်လူ ၁၈ ဦးအတွက် အောက်ဆီဂျင်ဓာတ်ငွေ့ကို အလုံအလောက် ထုတ်လွှင့်ပေးကာ ပတ်ဝန်းကျင်အပူရှိန်ကို လျော့ချပေးသောကြောင့် သဘာဝဘေးမဖြစ်စေရန် ကာကွယ်ပေးသောလူသားတို့၏ မိတ်ဆွေကောင်းပင်ဖြစ်ပါသည်။

သမုဒ္ဒရာနှင့် မြစ်ချောင်းအင်းအိုင်တို့၏ ရေညှိရေမှော်များကလည်း ကမ္ဘာမြေအတွက် လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့ပမာဏစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ထုတ်လွှင့်ပေးသည်၊ ထို့ကြောင့် ကျွန်တော်တို့လူသားအားလုံး သစ်ပင်စိုက်ပျိုးခြင်းဖြင့် သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံကာကွယ်ရန်လိုပါသည်။ လူသားတိုင်း သစ်ပင်ချစ်စိတ်မွေးမြူကြရန်လိုပါသည်။

မြစ်ရေကြီးခြင်း၊ ရေခဲပြင်ပျော်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းနှင့် မုန်တိုင်းဘေးတို့ကို ခေတ်မီနည်းပညာများဖြင့်ကာကွယ်၍ ရနိုင်သော်လည်း ငလျင်ဘေးဒဏ်မှာမူ ရုတ်တရက် ဖြစ်ပွားတတ်သောကြောင့် ခန့်မှန်းရခက်ခဲပါသည်။ မြန်မာနိုင်ငံတွင် စစ်ကိုင်းပြတ်ရွေ့ကြောကြီးရှိပါသည်။ အထက်မြန်မာငလျင်ဇုန်ရပ်ဝန်း၊ အောက်မြန်မာပြည် ငလျင်ဇုန်ရပ်ဝန်းနှင့် အရှေ့မြောက်ဒေသငလျင်ဇုန်ရပ်ဝန်း၊ အန်ဒမန်ပင်လယ်ပြင်ငလျင်ရပ်ဝန်းများ ရှိကြပါသည်။

ကျွန်ုပ်တို့ နိုင်ငံတွင် ငလျင်များစွာ လှုပ်ခဲ့ဖူးသော်လည်း ၂၀၂၅ ခုနှစ်၊ မတ်လ (၂၈)ရက်နေ့တွင် လှုပ်ခဲ့သော မန္တလေးငလျင်ကြီးမှာ ပျက်စီးဆုံးရှုံးမှုများစွာရှိခဲ့ပါသည်။

ငလျင်သည် မြေမျက်နှာပြင်အောက်ရှိ ကျောက်လွှာများ ရုတ်တရက်ကျိုးပြတ်ရွေ့ရှားမှု၊ ပွတ်တိုက်ရွေ့လျားမှုတို့ကြောင့် ဖြစ်ပေါ်လာသော မြေသားတုန်ခါခြင်းဖြစ်ပါသည်။ စစ်ကိုင်းပြတ်ရွေ့၊ ကဘော်ပြတ်ရွေ့၊ ကျောက်ကြမ်းပြတ်ရွေ့နှင့် မိုးမိတ်ပြတ်ရွေ့နှင့် အခြားငလျင်ကြောငယ်လေးများရှိသော်လည်း သဘာဝဘေးကို တုံ့ပြန်ရန် လူတိုင်းသိရှိပါက စိုးရိမ်ထိတ်လန့်ရန်မလိုပေ။ အနာဂတ်အတွက် သဘာဝဘေးအစီအမံကောင်းများ ကြိုတင်ရေးဆွဲပြီး လက်တွေ့ဓာတ်တိုက်လေ့ကျင့်ရန်သာ လိုပါသည်။

ယနေ့အချိန်တွင် စုံလင်သော သဘာဝဘေးများရန်ကို ခေါင်းငုံ့လည်စင်းခံရမည့်အချိန် မဟုတ်သည်မှာ သေချာလှပါသည်။

နေ့စဉ်တိုးတက်လာသော သိပ္ပံနည်းပညာများ၏ ဖွံ့ဖြိုးမှု၏ အားကောင်းမောင်းသန်မှုနှင့်အတူ ကျွန်ုပ်တို့ကမ္ဘာ့လူသားများမှာလည်း ထိပါးလာမည့် သဘာဝဘေးဒဏ်ကို နောက်မတွန့်ဘဲ စုပေါင်း၍ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းကြရမည့် အခြေအနေသို့ ရောက်ရှိနေပါသည်။ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ၏ အားမာန်ကိုလည်း ရယူသုံးစွဲရန်လိုပါသည်။

ယနေ့ကမ္ဘာ့လူသားများမှာ သန်းပေါင်း ၈၀၀၀ ခန့်ရောက်ရှိနေပြီဖြစ်ပါသည်။ ကမ္ဘာ့လူငယ်များမှာ အသက် ၁၅ နှစ်မှ ၂၄ နှစ်ကြားရှိ လူငယ်များ၏ အရေအတွက်မှာကမ္ဘာ့လူဦးရေ၏ ၆ပုံ ၁ပုံ အင်အားရှိနေပါသည်။ လူငယ်လူရွယ်ဦးရေ တစ်ဘီလီယံ၏ ၈၅ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိပါသည်။

လူငယ်များသည် ကမ္ဘာကြီး၏အရေးပါသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြပါသည်။ ဉာဏ်ပညာနှင့်အတွေ့အကြုံပြည့်ဝသော လူကြီးများက ထက်မြက်သောလူငယ်များထံသို့ ကောင်းမွန်ဆန်းသစ်သော အကြံဉာဏ်များ၊ တီထွင်ဖန်တီးမှုအသစ်များ၊ ခေတ်မီသည့် အတွေးအခေါ်များ ပေါင်းစပ်ကာ လက်တွဲစည်းရုံးဆောင်ရွက်ကြရန်လိုပါသည်။

သဘာဝဘေးအန္တရာယ်များသည် လူသားများနှင့် သဘာဝတရားများကို ငဲ့ညှာခြင်းမရှိကြ၊ ဆိုးကျိုးကို အစွမ်းကုန်ပေးစွမ်းကြသည်။သဘာဝတရားများမှာ နောက်ကြောင်းပြန်လှည့်ကာ နဂိုအတိုင်းရှိကြတော့မည်မဟုတ်ပေ။

လူသားတို့အားကိုးရာ မြေကမ္ဘာ၊ ရေကမ္ဘာနှင့်လေကမ္ဘာ သုံးခုစလုံးကိုကာကွယ်ကြရမည်မှာ ယနေ့လူသားတိုင်း၏ တာဝန်ဖြစ်ပါသည်။ လူသားများသည် ကမ္ဘာကြီးထံမှရရှိထားသော လက်ဆောင်များကို ရယူသုံးစွဲခဲ့သည်မှာကြာခဲ့ပြီဖြစ်ပါသည်။ သို့သော်လူသားတိုင်းက သဘာဝပတ်ဝန်းကျင်ကို စောင့်ရှောက်ပေးရန် ပျက်ကွက်နေကြသည်။

'ပတ်ဝန်းကျင်ကိုထိန်းသိမ်းပေး‥ ဆင်းရဲခြင်းဘေးကင်းလွတ်ဝေး' ဟူသော ဆောင်ပုဒ်အတိုင်း ပတ်ဝန်းကျင်ကို ပြန်လည်စောင့်ရှောက်ပေးရန်လိုပါသည်။ ကမ္ဘာမြေကြီးကို မဏ္ဍိုင်ပြု၍ လူ၊ တိရစ္ဆာန်အားလုံးတို့မှာဆက်စပ်နေထိုင်လျက်ရှိပါသည်။ လူသားအားလုံးအတွက် ကမ္ဘာကြီးက အကျိုးပြုခဲ့သော်လည်း လူသားများ၏ စည်းကမ်းမဲ့နေထိုင်မှုက ကမ္ဘာကြီးကိုဖျက်ဆီးခဲ့သည်။ သို့ကြောင့် မလိုလားအပ်သော ရာသီဥတုဖောက်ပြန်မှုများကြုံရသည်။

လူသားများသည် သဘာဝတရားကြီးနှင့် ငြိမ်းချမ်းစွာ ယှဉ်တွဲမနေခဲ့ကြပေ။

သဘာဝတရားကြီးသည် လူသားအားလုံးအတွက် ရေ၊ လေ၊ မိုး၊ သစ်ပင်ကဲ့သို့အရာရာကို ဖန်တီးပေးနိုင်သော စက်ယန္တရားကြီးထက်ပင် ပြည့်စုံကောင်းမွန်ခဲ့သည်။ သို့သော် ကမ္ဘာ့လူသားများက တန်ဖိုးမထားခဲ့ကြပေ။ ယခုတော့ သဘာဝဘေးအန္တရာယ်၏ တုံ့ပြန်ဒဏ်ခတ်မှုကို ခါးသီးစွာကြုံတွေ့နေရပြီဖြစ်ပါသည်။ကမ္ဘာကြီးရေရှည်ခိုင်မြဲတည်တံ့ရန် လူသားအားလုံး အချိန်မီကယ်တင်ရန် သမိုင်းပေးတာဝန်ရှိနေခဲ့ပြီဖြစ်ပါသည်။

အနာဂတ်ကမ္ဘာကြီး သာယာစိုပြည်ရေးကြိုးပမ်းဆောင်ရွက်ရာတွင် လူငယ်များ၏ အခန်းကဏ္ဍကို ဦးစားပေးထိပ်တန်းမှ ပါဝင်ရန် စည်းရုံးဆောင်ကြဉ်းပေးရမည်ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အနာဂတ်ရာသီဥတုနှင့်ပတ်သက်သော စိန်ခေါ်မှုအခြေအနေများနှင့်ပတ်သက်၍ လိုက်လျောညီထွေပြုပြင်ဖန်တီးနေထိုင်ရေးအတွက် အခြေအနေများအား ဖန်တီးပေးကြရမည်ဖြစ်သည်။

အချုပ်ဆိုသော် ယနေ့ကမ္ဘာ့ ရာသီဥတုအခြေအနေသည် လွန်ခဲ့သောဆယ်စုနှစ်များထက် သိသိသာသာပြောင်းလဲခဲ့ပြီဖြစ်ပါသည်။ ကမ္ဘာမြေ ပူနွေးလာခြင်းနှင့်အတူ ရာသီဥတုပြောင်းလဲလာခြင်း၏ ဆိုးကျိုးများကြောင့် လူသားများ၏ အသက်၊ အိုးအိမ်၊ လူမှုစီးပွား၊ ဥစ္စာများကိုပါမချန် ခြိမ်းခြောက်လာပြီဖြစ်ပါသည်။ သို့ကြောင့် ကမ္ဘာ့လူသားအားလုံးက နေအိမ်မှ အစပြုကာ တက်ကြွသောခြေလှမ်းများဖြင့် တစ်ဦးမှ တစ်ရာ၊ တစ်ရာမှတစ်ထောင် အင်အားများ ပေါင်းစုလက်တွဲ၍ သဘာဝဘေးဒဏ်များကို ကြံ့ကြံ့ခံကာ ကမ္ဘာကြီးစိုပြည်သာယာရေး၊ ကမ္ဘာကြီးအခွန့်ရှည်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း ၂၀၂၆ခုနှစ်၊ အောက်တိုဘာ ၁၃ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချရေးနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။

မင်းလပြည့်(ဟားခါး)

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ပျော်ဘွယ်မြို့နယ် အ-လ-က-ခွဲ(သာယာကုန်း)၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



**ပျော်ဘွယ် အောက်တိုဘာ ၂**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသားလူငယ်များ အနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုမှ ကင်းဝေးပြီး အန္တရာယ်များကို ကြိုတင်သိရှိကာကွယ်နိုင်စေရန် ရည်ရွယ်၍ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက အခြေခံပညာအလယ်တန်းကျောင်းခွဲ (သာယာကုန်း)၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်မေစောမွန်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးတွင် လူမှုအသိုက်အဝန်းတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် မူးယစ်ကင်းစင်သော လူမှုအသိုက်အဝန်းတစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် အသိပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဟောပြောသည်။

ဆက်လက်၍ မူးယစ်ဆေးဝါး အမျိုးအစားများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်သင့်သည့် အချက်များကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များနှင့် စာဖတ်ရှိန်မြှင့်တင်ရေး သုတ၊ ရသ၊ စာအုပ်၊ စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ကျော်စွာထက်(ပျော်ဘွယ်)**

## ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ပြိုင်ပွဲများနှင့် ပြပွဲများ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် "ကမ္ဘာ့ဆရာများနေ့" အထိမ်းအမှတ် အဖြစ် စာစီစာကုံးပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပြပွဲများ ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းနှင့် ဦးစီးအရာရှိ ဒေါ်ခင်စောလွင်တို့က ကျောင်းသူများအား ပြိုင်ပွဲဝင် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲတွင် ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသူ ၁၅ ဦးက "ကမ္ဘာ့ဆရာများနေ့" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုများအား လာမည့်အပတ်တွင် ချီးမြှင့်သွားမည် ဖြစ်သည်။

ထို့နောက် မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ၊ စာအုပ်စာစောင်များကို တက်ရောက်လာသည့် ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြပြီး မူးယစ်ဆေးဝါး အသိပညာပေး သတင်းစကားလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**စင်မင်းမောင် (ခရိုင်၊ ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀






## လစဉ်ပုံမှန်ကာကွယ်ဆေးများ အခမဲ့တိုက်ကျွေးထိုးနှံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**တံတားဦး အောက်တိုဘာ ၂**

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက မွေးကင်းစအရွယ်မှ အသက်(၂)နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများအား လစဉ်ပုံမှန် ကာကွယ်ဆေး အခမဲ့တိုက်ကျွေးထိုးနှံပေးခြင်းကို သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနများတွင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေးခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆေးရုံအုပ်ကြီးက ကြီးကြပ်၍ ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိပြီး ကလေးငယ်များအတွက် ဝက်သက်-ဂျိုက်သိုး၊ ပိုလီယို၊ Penta ငါးမျိုးစပ်၊ ဦးနှောက်တီဘီ၊ ပြင်းထန် အဆုတ်ရောင်ကာကွယ်ဆေးအသစ်(PVC) စသည့် ကာကွယ်ဆေးများနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများအား မေးခိုင်ရောဂါ ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေးခဲ့သည်။

ထို့အပြင် ကာကွယ်ဆေးထိုးနှံရန် လာရောက်ကြသည့် ကလေးငယ်များ၏ မိဘများနှင့် ကိုယ်ဝန်ဆောင် မိခင်လောင်းများအား ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့်စပ်လျဉ်း၍ ကာကွယ်ပေးနိုင်သည့် ရောဂါများအကြောင်းနှင့် အကျိုးကျေးဇူးများအကြောင်းကို ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အသိပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ကြောင်းနှင့် ကာကွယ်ဆေးများကို လစဉ် ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ကျေးရွာများရှိ ကျန်းမာရေးဝန်ထမ်းများကလည်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**(ယာပုံ)**

**ရဲတင့်(ပြန်/ဆက်)**

## နောက်ဆုံးနေ့

\- - - - - - - -

* ငါ, သူတစ်ပါး
ယောကျ်ား မိန်းမ
ပုပုရွရွ ပုဂ္ဂိုလ်သတ္တဝါကြီးငယ်
သံသရာခရီးသည်အားလုံး
ရှောင်ပုန်းလို့ မရတဲ့
ဘဝရဲ့
"နောက်ဆုံးနေ့ဆိုတာရှိတယ်။

* နောက်ဆုံးနာရီတဲ့
နောက်ဆုံးမိနစ်တဲ့
နောက်ဆုံးစက္ကန့်တဲ့
ဆွဲဆန့်လို့လည်းမရ
နေ့ ည မနက်
မှန်းဆဖို့လည်းခက်တဲ့
နောက်ဆုံးထွက်သက်အထိ။

* ကြည့်---
ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်က
အဆက်မပြတ် လည်တတ်တာမို့
ဘဝမပြတ်သရွေ့တော့
ဇာတိ, ဇရာ
ဗျာဓိ, မရဏထုံးနဲ့
ဖြစ်ပျက်သံသရာ မဆုံးတဲ့
ပုဂ္ဂိုလ် သတ္တဝါ သူ ငါအားလုံး
အဲ့ဒီနောက်ဆုံးနေ့တွေ
အသင်္ချေ အနန္တ
တွေ့နေကြရဦးမှာပဲလေ။ ။

**မောင်ခွေသစ်(မန္တလေး)**



# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား အင်းလေးဒေသ ဝဲ၊ ယာ (၂၁)ဌာနသို့ ဒေသစာရီကြွချီပူဇော်ခံပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ရွှေ အောက်တိုဘာ ၂**

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား အင်းလေးဒေသ ဝဲ၊ ယာ (၂၁)ဌာနသို့ ဒေသစာရီ ကြွချီပူဇော်ခံပွဲတော် အောင်မြင် စွာ ကျင်းပနိုင်ရေးအတွက် ဌာန ဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ညောင်ရွှေမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပခဲ့ရာ ညောင် ရွှေမြို့နယ်၊ ရှမ်းပြည်နယ်လွှတ် တော်ကိုယ်စားလှယ်အမှတ်(၁)



ဦးတိုးရက အမှာစကားပြောကြား ပြီး ကလောခရိုင် စီမံခန့်ခွဲရေး နှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်က အမှာစကား ပြော ကြားခဲ့သည်။ **(အောက်ဝဲပုံ)**

ထို့နောက် ညောင်ရွှေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော် မတီဥက္ကဋ္ဌ ဦးစောလွင်က ပွဲ တော် အောင်မြင်စွာ ကျင်းပနိုင် ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားရှိမှုအခြေအနေများကို ရှင်း လင်းပြောကြားပြီး ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ က ဘုရားကြွမည့်ဌာန အလိုက် အထွေထွေကိစ္စရပ်များကို တင်ပြ ကြရာ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်အမှတ် (၁)၊ ကလောခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တင်ပြချက် များအပေါ် သက်ဆိုင်ရာကဏ္ဍ အလိုက် ပြန်လည်ရှင်းလင်းညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အင်းလေးဖောင်တော်ဦးဘုရား ပွဲတော်ကြီးကို အောက်တိုဘာ ၁၂ ရက်မှ ၂၉ ရက်အထိ ရိုးရာ အစဉ်အလာများ၊ ပျော်ပွဲရွှင်ပွဲ များဖြင့် ၁၈ ရက်တိုင် စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **(၃၆၈)**



# လျှပ်စစ်ကြောင့် ပျက်စီးသွားသော စေတီတော်ကြီးများ ပြုပြင်ရန် အလှူငွေလှူဒါန်း

**စဉ့်ကိုင် အောက်တိုဘာ ၂**

စဉ့်ကိုင်မြို့နယ်၊ ရေးဟောင်း မကွေးရာဒေသမှ မကွေးရာရွှေစည်း ခုံဘုရားကြီး၊ မကွေးရာရွှေရောင် တော်ဘုရားကြီးတို့သည် မန္တလေး လျှပ်စစ်ကြီးကြောင့် ပျက်စီးခဲ့သဖြင့် ဘက်စုံပြုပြင်နိုင်ရန်အတွက် အလှူ ငွေများ လှူဒါန်းလျက်ရှိသည်။

မကွေးရာ ရွှေစည်းခုံဘုရား ကြီး ဘက်စုံပြုပြင်ရေးအတွက် ပြင်ဦးလွင်မြို့နေ ဦးဇော်မင်းဦး+ ဒေါ်မိမိထွေး (ဇော်မင်းဦးရွှေဆိုင် မိသားစု)က ဒုတိယအကြိမ် အလှူ ငွေကျပ် သိန်း ၄၀၀၊ မကွေးရာရွှေ ရောင်တော်ဘုရားကြီး ဘက်စုံ ပြုပြင်ရေးအတွက် စဉ့်ကိုင်မြို့နယ်၊ မကွေးရာရွာနေ ဒေါ်စန်းယုအား ရည်စူး၍ (သား) ကိုသိန်းဦး မိသားစုက အလှူငွေကျပ် ငါးသိန်း တို့ကို အသီးသီးလှူဒါန်းခဲ့သည်။

ကုသိုလ်ပါဝင်လိုပါက ဘဒ္ဒန္တ ပဏ္ဍိတ ဩဝါဒါစရိယဆရာတော် ဖုန်း ၀၉-၂၀၁၂၁၂၂၊ ဘဒ္ဒန္တသဇ္ဇန ရွှေရောင်တော်ဆရာတော် ဖုန်း ၀၉-၇၉၇၆၀၆၁၆၆၊ ဦးကျော်ထွန်း အင်ဂျင်နီယာ ဖုန်း ၀၉-၄၄၄ ၀၁၈၆၄၅တို့ထံ ဆက်သွယ်လှူ ဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ကဆ)**

# သီးနှံပေါ်ချိန် ပြည်ပမှ စားအုန်းဆီနှင့် ဆီကြိတ်ဖတ် တင်သွင်းမှုလျှော့ချရန် MEOMA တောင်းဆို

**မန္တလေး အောက်တိုဘာ ၂**

ပြည်တွင်းဆီထွက်သီးနှံများ ပေါ်ချိန်တွင် ပြည်ပမှ စားအုန်း ဆီနှင့် ဆီကြိတ်ဖတ် တင်သွင်း မှုကို ပြည်တွင်းထွက်ရှိမှုနှင့် ချိန် ညှိ၍ လျှော့ချရန် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း(MEO- MA)က တောင်းဆိုထားသည်။

'ပြည်တွင်းသီးနှံ ကြိတ်ခွဲ လို့ ထွက်ရှိလာတာတွေနဲ့ ချိန်ထိုး ပြီးမှ တင်သွင်းဖို့ လိုအပ်တာပါ' ဟု MEOMA ဥက္ကဋ္ဌ ဦးဆန်း ထွန်းလွင်က ပြောသည်။

လက်ရှိတွင် မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်း၊ ဆီအုန်းနှင့် ပဲပုပ် စသည့် ဆီ



ထွက်သီးနှံ စိုက်ဧက ၉ ဒသမ ၃ သန်းကျော်ရှိပြီး ဆီတန်ချိန် ၁ ဒသမ ၁၅ သန်းခန့် ထွက် ရှိကြောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များထံမှ ရရှိ သည့် အချက်အလက်များအရ သိရသည်။

စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ၂၀၂၁- ၂၀၂၂ ဘဏ္ဍာနှစ် (Mini Bud- get) မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာ နှစ်အထိ ပြည်တွင်းလိုအပ်ချက် အတွက် ပြည်ပမှ စားအုန်းဆီ တန်ချိန် ၂ ဒသမ ၆၇ သန်း ကျော်တင်သွင်းခဲ့ပြီး အမေရိကန် ဒေါ်လာ ၃ ဘီလီယံခန့် သုံးစွဲခဲ့ရ ကြောင်း သိရသည်။

ပြည်တွင်း၌ ဆီထွက်သီးနှံ များ စိုက်ပျိုးထုတ်လုပ်နေသော် လည်း ပြည်ပမှ စားသုံးဆီ တင် သွင်းနေရခြင်းကြောင့် နိုင်ငံခြား ငွေ သုံးစွဲမှု မြင့်တက်စေသဖြင့် ပြည်တွင်းထွက်ရှိမှုနှင့် ချိန်ညှိ ကာ တင်သွင်းမှုကို လျှော့ချသင့် ကြောင်း MEOMA က ဆို သည်။

ထို့အပြင် မြေပဲ၊ နှမ်း စသည့် ဆီထွက်သီးနှံများ ပြည်ပတင်ပို့၍ ရရှိသည့် ဝင်ငွေ သည် ပြည်ပမှ စားသုံးဆီ တင် သွင်းရာတွင် သုံးစွဲရသည့် ကုန် ကျစရိတ်ကို မကာမိကြောင်း သိရသည်။

(ဝဲပုံ)

**ရွှေမန်း**

# ယခုနှစ် မိုးရာသီ သီးနှံမျိုးစုံ ၇၇၄၉၉ ဧက စိုက်ပျိုးနိုင်

**ကျွန်းလှ အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် တွင် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ကြပြီး ယခုနှစ် မိုးရာသီ သီးနှံမျိုးစုံ ၇၇၄၉၉ ဧက စိုက် ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်၌ မိုးသီးနှံ မျိုးစုံစိုက်ပျိုးမှုအနေဖြင့် စပါး ၃၃၂၆၃ ဧက၊ ပဲမျိုးစုံ ၁၆၉၁၃ ဧက၊ ဆီထွက်သီးနှံ ၇၂၈၅ ဧက၊ အခြားသီးနှံ ၁၈၄၈၉ ဧက၊ နှစ် ရှည်ပင် ၁၅၄၉ ဧက၊ စုစုပေါင်း ၇၇၄၉၉ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(၄၈၀)**

၀-၀-၀-၀-၀

# မန္တလေး(၆)မြို့နယ်အတွင်းရှိ စွန့်ပစ်၊ စုပုံထားရှိသော အမှိုက်များကို အမှိုက်ခွဲခြားသိမ်းဆည်းစနစ်ဖြင့် တစ်ရက်လျှင် စုစုပေါင်းအမှိုက်တန်ချိန် ၁၃၀၀ ကျော်ကို နေ့စဉ်သိမ်းဆည်း ဆောင်ရွက်ပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၂**

ခေတ်စနစ်နှင့်အညီ ပြောင်း လဲတိုးတက်နေသော မန္တလေးမြို့ ၏ လူဦးရေတိုးတက်လာခြင်းနှင့် အတူ မန္တလေးမြို့တော်စည်ပင် သာယာနယ်နိမိတ် မြို့နယ် (၆)မြို့နယ်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်များ၊ ဈေးများနှင့် ဆေးရုံများရှိ စွန့်ပစ်ထွက်ရှိ စုပုံထားရှိသော အမှိုက်များ များပြားလာခြင်းကြောင့် မြို့ တော်စည်ပင်အနေဖြင့် နေ့စဉ် အမှိုက်ခွဲခြား သိမ်းဆည်းစနစ် ဖြင့် တစ်ရက်လျှင် စုစုပေါင်း အမှိုက်တန်ချိန် ၁၃၀၀ ကို ကြာနီကန်ကျေးရွာနှင့် တောင် အင်း၊ မြောက်အင်းတို့ရှိ သတ် မှတ်စွန့်ပစ်နေရာ အမှိုက်ကျင်း များသို့ စွန့်ပစ်လျက်ရှိရာ တစ်နှစ်လျှင် သိမ်းဆည်းစုပုံ ထားရှိသော အမှိုက်ပမာဏ တန်ချိန် စုစုပေါင်း ၄၇၄၅၀၀ ကို နှစ်စဉ် စနစ်တကျ စွန့်ပစ် သိမ်းဆည်းလျက်ရှိကြောင်း မြို့ တော်စည်ပင်၊ သန့်ရှင်းရေးဌာနမှ သိရသည်။

မြို့တော်စည်ပင်၏ လက်ရှိ အမှိုက်သိမ်းဆည်းမှုအနေဖြင့် လမ်းကြောင်းအလိုက် ခေါင်း လောင်းတီးစနစ်၊ သတ်မှတ်ထား သော ရပ်ကွက်နေရာများတွင် စုပုံထားသောအမှိုက်ပုံ၊ အမှိုက် ကန်များအား သိမ်းဆည်းခြင်း၊ ကော်မတီပိုင်ဈေးများမှ အမှိုက် များ သိမ်းဆည်းခြင်း၊ ဆေးရုံ၊ ဆေးခန်းများမှ အမှိုက်များ သိမ်း ဆည်းခြင်း၊ ဆက်သွယ်ခေါ်ယူ သော စီးပွားရေးအမှိုက်၊ ဆောက် လုပ်ရေးသုံးလုပ်ငန်းများမှ အမှိုက် များအား သိမ်းဆည်းခြင်း၊ အမှိုက် သိမ်းဆည်းရန် ဆက်သွယ်ခေါ် ယူသော ကျောင်းများ၊ စေတီပုထိုး များ၊ ဘုန်းတော်ကြီးကျောင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာ များနှင့် ဌာနဆိုင်ရာများရှိ အမှိုက် များ၊ သိမ်းဆည်းခြင်း၊ အဓိက လမ်းမကြီးများ၊ အများနှင့် သက် ဆိုင်သောနေရာများတွင် တံမြက် စည်းလှည်းခြင်း၊ အမှိုက်ကောက် ခြင်း၊ မြက်ရိတ်ခြင်း၊ ချုံနွယ် သစ်ပင်များ ရှင်းလင်းခြင်းနှင့် ထွက်ရှိလာသော အမှိုက်များ ရှင်း လင်းခြင်း၊ အခမ်းအနားများ၊ နေ့ထူးနေ့မြတ်ပွဲလမ်းသဘင် များ၊ ဘာသာရေး လူမှုရေးပွဲတော် များတွင် သန့်ရှင်းရေးပြုလုပ်၍ အမှိုက်များ သိမ်းဆည်းခြင်းနှင့် မြို့နယ်များအလိုက် ဖြတ်သန်းစီး ဆင်းလျက်ရှိသော အဓိကမြောင်းမ ကြီးများ၊ စက်ယန္တရားများဖြင့် ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိသည်။

'မြို့တော်စည်ပင်အနေနဲ့ (၆)မြို့နယ်အတွင်းမှ အမှိုက်တွေ သိမ်းဆည်းခွဲခြားစွန့်ပစ်တဲ့လုပ်ငန်း ကို အမှိုက်သယ်ယာဉ် ၂၄၀ စီး ကျော်၊ သုံးဘီးယာဉ် ၂၁၀ စီး ကျော်တို့နဲ့ တစ်ရက်ကို အမှိုက် သယ်ယာဉ်ကား အခေါက်ရေ ၅၂၀ခန့် ဖြစ်တဲ့အတွက် တစ်လ ကို ကားအခေါက်ရေ ၁၄၀၄၇ ခေါက်အထိ သိမ်းဆည်းစွန့်ပစ် ဆောင်ရွက်လျက်ရှိပါတယ်၊ စွန့် ပစ်အမှိုက်တွေကြောင့် ကျန်းမာ ရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှုတွေ၊ စည်ကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းရဲ့ ဆိုးကျိုးတွေ၊ ပလတ်စတစ်အမှိုက်တွေစတဲ့ စွန့် ပစ်အမှိုက်များကိုလည်း စွန့်ပစ် ပစ္စည်းအုပ်စုများခွဲခြားပြီးတော့ 3R ဖြစ်သည့် Reduce,Reuse, Recycle အဖြစ် ဆောင်ရွက်ဖို့ အပြင် အမှိုက်များ စွန့်ပစ်မှုဆိုင်ရာ လူထုအသိပညာပေးလုပ်ငန်းများ ကိုပါ ဆောင်ရွက်နေပါတယ်'ဟု မြို့တော်စည်ပင်သန့်ရှင်းရေးဌာန မှူး ဦးမောင်မောင်မြင့်က အမှိုက်စွန့်ပစ်မှုနှင့်ပတ်သက်၍ စနစ်တကျ စွန့်ပစ်ရေးအသိပညာ ပေးပွဲတွင် ပြောကြားသည်။

မန္တလေးမြို့တော်စည်ပင်သာ ယာရေးကော်မတီ၊ သန့်ရှင်းရေး ဌာနအနေဖြင့် အမှိုက်စွန့်ပစ်မှု ဆိုင်ရာ စနစ်တကျ ခွဲခြားစွန့်ပစ် ရေးနှင့်ပတ်သက်၍ ပြည်သူလူထု မှကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်း လာစေရန်နှင့် စိတ်ဝင်တစား သိရှိ လာစေရန် ရည်ရွယ်ချက်များဖြင့် အမှိုက်စွန့်ပစ်မှု စနစ်တကျ ခွဲခြား စွန့်ပစ်ရေးအသိပညာပေး ဟော ပြောပွဲ အစီအစဉ်များအပြင် ဖျော်ဖြေရေးအစီအစဉ်တွေကိုပါ တွဲဖက်ပြီး လူထုအသိပညာပေး အစီအစဉ်များကို ဇူလိုင်လမှ နိုဝင်ဘာလအထိ မန္တလေးမြို့ မြို့နယ်များအတွင်းရှိ ရပ်ကွက် များ၊ အခြေခံကျောင်းများ၊ တက္ကသိုလ်များ၊ ဈေးများနှင့် Public Area များ၌ အပတ် စဉ်သတ်မှတ်ရက်များတွင် ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**



## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အဆောက်အအုံနှင့်ကုန်ရုံဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ်အတွင်း မန္တလေး(၆)မြို့နယ်အတွင်းရှိ CCTV Camera များ ပြုပြင်ရာတွင် လိုအပ်သော CCTV Camera နှင့် ဆက်စပ်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည် -

(က) တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ - (၁-၁၀-၂၀၂၆)မှ (၁၆-၁၀-၂၀၂၆)အထိ
(ခ) တင်ဒါသွင်းရမည့်နောက်ဆုံးရက် - (၁၆-၁၀-၂၀၂၆)ရက်နေ့၊ (၁၆:၀၀)နာရီ
(ဂ) တင်ဒါဖွင့်မည့်ရက် - (၂၂-၁၀-၂၀၂၆)ရက်နေ့၊ (ခန့်မှန်း)
(ဃ) တင်ဒါဖွင့်မည့်နေရာ - အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(င) တင်ဒါတစ်စုံရောင်းဈေးနှုန်း - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

၂။ သတ်မှတ်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာန၊ ဖုန်း ၀၉-၄၀၂၆၅၇၅၄၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၂၉)၊ ဦးပိုင်အမှတ်(၂၁)၊ မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဗိုလ်မှူးကြီး ကိုကိုတင့် အမည်ဖြင့် နှစ်(၃၀) ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့်တကွ ယင်းဂရန်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးအောင်ကြည်(ဘ)ဦးစံရှိန်(၉/မနမ(နိုင်)၀၃၁၄၈၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင် (LL.B)**
**အထက်တန်းရှေ့နေများ**
**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၅၆)၊ ဦးပိုင်အမှတ်(၁၅)၊ မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးဖုန်းကျော်စိုး အမည်ဖြင့် နှစ်(၃၀) ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်၏ (တောင်ဘက်အစွန်းဆုံးအခြမ်း)၊ အရှေ့အနောက်(၄၅)ပေ၊ တောင်မြောက်(၁၅)ပေ အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မိုးဆန်း(ဘ)ဦးအောင်လွင်(၅/ဝလန(နိုင်)၀၉၈၁၄၂) ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင် (LL.B)**
**အထက်တန်းရှေ့နေများ**
**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၈)၊ ဦးပိုင်နံပါတ်(၂၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀ × ၆၀) အကျယ်အဝန်းရှိ တာသ တင်ဆောင် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သင်းသင်းဌေး(ဘ)ဦးအောင်ဆန်း(၅/ဆလက(နိုင်)၀၇၁၃၉၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဦးဖြိုးသာခန့် (LL.B) ဦးစည်သူအောင် (LL.B) ဒေါ်သဲမို့မို့ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၈)၊ ဦးပိုင်နံပါတ်(၁၄၂)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅) ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးစန်းအောင်နှင့် ဒေါ်ကြုပ်(ခ)ဒေါ်ကြုတ်တို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်း ခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ရီ(ဘ)ဦးဘရှင်(၁၃/သပန(နိုင်)၀၂၈၂၉၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၂)၊ ဦးပိုင်နံပါတ်(၆၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၂) ဧက၊ (ပေ၆၀×၄၅ပေ) အကျယ်အဝန်းရှိ ဒေါ်ချွင်ရင် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း (ပေ၃၀×၄၅ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ရွှေ(ဘ)ဦးထွန်းရွှေ(၁၃/နခတ(နိုင်)၀၂၉၇၄၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၁၄)၊ ဦးပိုင်နံပါတ်(၆၈-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေနေရာချထားပေးခြင်းခံခဲ့ရကာ လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ပိုင်းကြည်(ဘ)ဦးအုံးမောင်(၉/မရတ(နိုင်)၀၇၆၆၈၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဦးဖြိုးသာခန့် (LL.B) ဦးစည်သူအောင် (LL.B) ဒေါ်သဲမို့မို့ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၅)၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကျော်ဖေယျ(ပါ-၂)ဦး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်ကြသော (၁) ဦးကျော်ဖေယျ(ဘ)ဦးအောင်မောင်း(၉/မနတ(နိုင်)၀၁၇၅၇၅)၊ (၂) ဒေါ်မြင့်နိုင်(ဘ)ဦးချစ်တင်(၅/ရဘန(နိုင်)၀၃၃၃၆၇) (၎င်းတို့၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ရန်မေဖင်(ဘ)ဦးရန်ကျိုး(၁၃/လရန(နိုင်)၀၆၀၀၈၅) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေများကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းဆွေဦး(LL.B) (တရားလွှတ်တော်ရှေ့နေ)**
**၃၉လမ်း၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ Ph; 09-402733115**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁)၊ ဦးပိုင်အမှတ်(၂၃)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်လင်း(၉/မရမ(နိုင်)၀၅၆၄၀၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၂၀၀/၂၀၁၄) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မြနှင်းဝေ(၁၂/မရက(နိုင်)၀၈၀၉၅၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါကြေညာချက်

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် စာကြည့်တိုက် အဆင့်မြှင့်တင်ရန် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် Educational Books နှင့် သင်ကြားရေးအတွက် Head-sets+ Language Lab Software (2 Lot) ဝယ်ယူရေးလုပ်ငန်းများကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(1) Educational Books

(2) Headsets+Language Lab Software (2 Lot)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၅-၁၀-၂၀၂၆)ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို (၂၂-၁၀-၂၀၂၆)ရက် ညနေ ၃း၀၀ နာရီ ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် နောက်ဆုံးထား၍ တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် တင်သွင်းရမည့် လိပ်စာမှာ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးမြို့ ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ငွေစာရင်းဌာန ဖုန်းနံပါတ် ၀၉-၄၀၂၅၄၆၂၁၉၊ ၀၉-၄၄၄၀၃၄၉၉၅ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၄)၊ ဦးပိုင်နံပါတ်(၇၀-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးခွေးညို အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြ(ဘ) ဦးစိန်ညွန့်(၅/ကဘလ(နိုင်)၀၆၄၉၂၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၃)၊ ဦးပိုင်နံပါတ်(၂၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးတင်ဦး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ထွေးထွေးသန်း(ဘ)ဦးဂနီ(၉/မရမ(နိုင်)၀၈၉၉၇၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၄)၊ ဦးပိုင်နံပါတ်(၃၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးသန်းငွေ အမည်ပေါက်ဂရန်မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးချစ်ကိုကို(ဘ)ဦးအေးဟန်(၉/ပကခ(နိုင်)၀၂၁၀၈၂) နှင့် ဒေါ်သန်းသန်းမိုး(ဘ)ဦးတင်အုန်း(၁၂/ဥကမ(နိုင်)၂၇၃၆၆၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀

## တံဆိပ်အမည်အမှတ်အသား အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်၊ အကွက်(ဆ-၂)၊ မဟာဂန္ဓာရုံလမ်းနေ ဒေါ်ရှိုလဲန်ဒါယုယုနိုင်(ဘ)ဦးဝင်းနိုင်(ခ)ကားကား(၉/အမရ(နိုင်)၁၄၅၄၂၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

Being Fast
Joy with banana, Naturally yours

RD(၂၁၅/ ၂၀၂၆)

အထက်ဖော်ပြပါ **Being Fast** အမည်တံဆိပ်အမှတ်အသားဖြင့် **လူသုံးကုန်နှင့်စားသောက်ကုန်ပစ္စည်းအမျိုးမျိုး**တို့ကို မန္တလေးမြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန်အတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းကြေညာခဲ့ပြီး ကျွန်ုပ်မိတ်ဆွေမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ အဆိုပါ တံဆိပ်အမည်အမှတ်အသားကို ဘာသာစကားအမျိုးမျိုးတို့ဖြင့် အသုံးပြုကာ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲခြင်းများ မပြုကြပါရန်နှင့် အဆိုပါ တံဆိပ်အမည်အမှတ်အသားကို တစ်နည်းနည်းတုပခြင်းများ မပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။ အကယ်၍ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဒေါ်ရှိုလဲန်ဒါယုယုနိုင်(ဘ)ဦးဝင်းနိုင်(ခ)ကားကား**
**(၉/အမရ(နိုင်)၁၄၅၄၂၉)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိမ့်သိမ့်ထက်** (LL.B) **တရားလွှတ်တော်ရှေ့နေ**
**ဦးခိုင်ကိုကိုလွင်** (LL.B,D.B.L) **အထက်တန်းရှေ့နေ**
**၇၃လမ်းနှင့်၇၄လမ်းကြား၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၉၈၁၇၆၅၉၉၅၊ ၀၉-၉၈၅၃၈၃၈၉၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၀)၊ ဦးပိုင်နံပါတ်(၁၁-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဦးအောင်မြင့်စိုး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးပြား(ဘ)ဦးတင်ထွန်း(၅/ငဇန(နိုင်)၀၀၉၀၁၆) [၎င်း၏ကိုယ်စား သားဖြစ်သူ ဦးနေမျိုးသူ(ဘ)ဦးပြား(၉/ပကခ(နိုင်)၀၂၂၂၁၉)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင်(LL.M)** **တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာစန်. (LL.B)** **အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B)** **အထက်တန်းရှေ့နေ**
**ဒေါ်သဲမို့မို့ထွန်း (LL.B)** **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅)၊ ဦးပိုင်နံပါတ်(၃၈-က)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးချစ်စိန် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်ခဲ့သူ(ခင်ပွန်း) ဦးအောင်မြင့် ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (ဇနီး)ဒေါ်သိန်းငွေ(ဘ)ဦးအောင်ခင်(၉/မနတ(နိုင်)၀၂၉၈၄၀) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင်(LL.M)** **တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာစန်. (LL.B)** **အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B)** **အထက်တန်းရှေ့နေ**
**ဒေါ်သဲမို့မို့ထွန်း (LL.B)** **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁)၊ ဦးပိုင်အမှတ်(၃)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်လင်း(၉/မရမ(နိုင်)၀၅၆၄၀၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၂၀၁/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မြနှင်းဝေ(၁၂/မရက(နိုင်)၀၈၀၉၅၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အမည်မှန်

ဦးအောင်ဇင်ဖြိုး၏ သမီး မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်(အ·ထ·က ၅) အထက်တန်းကျောင်း Grade-11 မှ မရွှေရီဖြိုး၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ မရွှေရည်ဖြိုး ဖြစ်ပါသည်။

**မရွှေရည်ဖြိုး**

❖ နိုင်ငံတော် ရှေးသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဝေဟင်မှ ရှုခင်းများကြည့်ရန် Balloons များ ပျံသန်းတော့မည်

**ညောင်ဦး အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှုခင်းများကြည့်ရှုရန် Balloon Over Bagan၊ STT Balloon များ အောက်တိုဘာလအတွင်း စတင်ပျံသန်းကာ ပြည်တွင်းပြည်ပ ခရီးသွားများအား ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၏ ရှုခင်းများအား ကောင်းကင်ယံမှ Balloon စီး၍ ကြည့်ရှုနိုင်တော့မည်ဖြစ်ကြောင်း Balloon Over Bagan နှင့် STT Balloon တာဝန်ရှိသူများထံမှ သိရသည်။

ညောင်ဦးမြို့နယ်၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအား ကောင်းကင်ယံမှ ရှုခင်းကြည့်ရှုနိုင်ရန် Balloons များ စတင်ပျံသန်းခြင်းအား Balloon Over Bagan မှ အောက်တိုဘာ ၁၅ ရက်တွင် စတင်ပျံသန်းသွားမည်ဖြစ်ပြီး STT Balloons မှ နိုဝင်ဘာလ ပထမပတ်တွင် စတင်ပျံသန်းကာ ပြည်တွင်း၊ ပြည်ပ ခရီးသွားများအား ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။ Balloons များ စတင်မပျံသန်းမီ ပိုင်းလော့များ၊ Balloon ဝန်ထမ်းများက လေကြောင်းတိုင်းတာခြင်းနှင့် ရာသီဥတုတိုင်းတာခြင်းများအား ကြိုတင်တိုင်းတာလေ့ရှိကာ လေကြောင်းတိုင်းတာခြင်းများ အပေါ်မူတည်၍ Balloons များကို ကျွမ်းကျင်ပိုင်းလော့များက ပျံသန်းကွင်းများမှ စတင်ပျံသန်းကြသည်။

ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် Balloon စီး၍ ရှေးဟောင်းအဆောက်အအုံများ၊ ဒေသပေါက်ပင်များနှင့် ဧရာဝတီမြစ်အလှ၊ နတ်သမီးကမ်းပါးအလှ၊ ကုန်းတော်ကြီးဘုရားအလှနှင့် တုရင်တောင်တန်းရှုခင်းများအား Balloon စီး၍ကြည့်ရှုခံစားနိုင်တော့မည်ဖြစ်ရာ ညောင်ဦး-ပုဂံအခြေစိုက် Balloon များ စတင်ပျံသန်းကြတော့မည်ဖြစ်ကြောင်း သိရသည်။

(၄၈၁)





# အမရပူရမြို့နယ် ရွှေကြက်ယက် ရွှေကြက်ကျဘုရားပွဲတွင် ရိုးရာငှက်လှေ လှေဦးတိုက်ပွဲ ကျင်းပမည်

**အမရပူရ အောက်တိုဘာ ၂**

မန္တလေး၊ အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စုရှိ သမိုင်းဝင်ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရား ပွဲတော်တွင် ရိုးရာဓလေ့အတိုင်း ငှက်လှေများဖြင့် လှေဦးတိုက်ပွဲနှင့် ရေစာ၊ ဝဲစာကျွေးပွဲများကို အောက်တိုဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

လှေဦးတိုက်ပွဲကို နှစ်စဉ် အောက်တိုဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ကျင်းပလေ့ရှိပြီး ရွှေကြက်ယက်တိုက်နယ်အတွင်းရှိ ကျေးရွာများက ကျေးရွာကိုယ်စားပြု ငှက်လှေများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြခြင်း ဖြစ်သည်။

ငှက်လှေများ ရှားပါးလာသည့်အတွက် ယခင်နှစ်များတွင် ပြိုင်ပွဲမကျင်းပနိုင်သည့်နှစ်များ ရှိခဲ့သလို အကျဉ်းချုံးကျင်းပခဲ့ရသည့်နှစ်များလည်း ရှိခဲ့သည်။

ယခုနှစ်တွင် ရွှေကြက်ယက်တိုက်နယ်အတွင်းရှိ ကျေးရွာများနှင့် အသင်းများထဲမှ ကျေးရွာ ၁၅ ရွာ၊ အသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဘုရားပွဲတွင် ဇာတ်သဘင်ဖျော်ဖြေမှုများလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ရွှေမန်း**

# အာရှအားကစားပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်း ပူးတွဲကြေးတံဆိပ်တစ်ခုရရှိ

**ရန်ကုန် အောက်တိုဘာ ၂**

အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲနောက်ဆုံးနေ့ကို အောက်တိုဘာ ၂ ရက်က ဆက်လက်ကျင်းပရာ မြန်မာပိုက်ကျော်ခြင်းအသင်း ပူးတွဲကြေးတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် အုပ်စုပွဲများတွင် လာအိုအသင်းကို ၂-၁ ပွဲဖြင့် အနိုင်ရသော်လည်း ဗီယက်နမ်အသင်းကို ၂-၁ပွဲ၊ အိန္ဒိယအသင်းကို ၂-၁ ပွဲဖြင့် အရေးနိမ့်ခဲ့သည်။ သို့သော် မြန်မာအသင်းသည်

စာမျက်နှာ ၁၀ သို့ *

# မုံရွာမြို့တွင် ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးနှင့် သာစည်မြို့နယ်တွင် ငွေကျပ်သိန်း ၄၈၀ တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂**

မုံရွာမြို့တွင် ငွေကျပ်နှစ်ဘီလီယံကျော်တန်ဖိုးနှင့် သာစည်မြို့နယ်တွင် ငွေကျပ်သိန်း ၄၈၀ တန်ဖိုးရှိ ဘိန်းဖြူများသိမ်းဆည်းရမိပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၇ ရက် ည ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်နေ ဇော်နိုင်(၄၉)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေသူများဖြစ်သည့် ကျော်မင်းလွင်(ခ) ဟိန်းထက်ဝင်း(၂၄)နှစ်၊ ဝမ်းဝမ်း(၁၉)နှစ်၊ ဇော်ဟိန်းထက်(၃၁)နှစ်တို့ လေးဦးအား နေအိမ်ခြံဝင်းအတွင်းရှိ FORLAND အမျိုးအစားယာဉ်ပေါ်မှ ဘိန်းဖြူ ၆၆ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၃၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂ ဒသမ ၃၁ ဘီလီယံ)နှင့်အတူ

စာမျက်နှာ ၁၀သို့ ☆




တရားခံ ကျော်မင်းလွင်(ခ)ဟိန်းထက်ဝင်း၊ ဇော်ဟိန်းထက်၊ ဝမ်းဝမ်းနှင့် ဇော်နိုင်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# ကျိုက်ထိုမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံ၊ ဓာတ်အားထိန်းချုပ်ခန်းအား အကြမ်းဖက်သောင်းကျန်းသူများက Drop Bomb ချ တိုက်ခိုက်ဖျက်ဆီး

**ကျိုက်ထို အောက်တိုဘာ ၂**

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်နှင့် လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လူနေထိုင်ရာရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊

စာမျက်နှာ ၁၀ သို့ ❖